# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ပြေ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ကောင်းမှုကို ပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)


၁၃၈၄ ခုနှစ်၊ ကဆုန်လဆန်း ၁၂ ရက်၊ ကြာသပတေးနေ့။ Thursday, 12 May 2022 ၁၀၇၃၂


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## မြန်မာနိုင်ငံအလယ်ပိုင်းဒေသရှိ မြို့နယ်အချို့တွင် စပျစ်စိုက်ပျိုးမှုများလာ

**နေပြည်တော် မေ ၁၁**

မြန်မာနိုင်ငံအလယ်ပိုင်းဒေသရှိ မြို့နယ်အချို့တွင် စပျစ်စိုက်ပျိုးမှုများလာပြီး မန္တလေး၊ ကျောက်ပန်းတောင်း၊ မိတ္ထီလာ၊ စစ်ကိုင်း၊ မုံရွာ၊ ပခုက္ကူ၊ ရမည်းသင်း၊ ပျော်ဘွယ် စသည့်မြို့နယ်များတွင် စိုက်ပျိုးမှုများကြောင်း စပျစ်စိုက်ပျိုးသူ တောင်သူများထံမှ သိရသည်။

**စားသုံးသူ ကြိုက်ကြ**

"ကျွန်တော်ကတော့ စပျစ်စိုက်ပျိုးဖို့ မြေတစ်ဧကကို တစ်နှစ်နှစ်သိန်းနဲ့ သုံးနှစ်စာချုပ်နဲ့ ငှားရမ်းစိုက်ပျိုးတာပါ။ အရင်နှစ်က အသီးပေါ်ခါစ တစ်ရက် ပိဿာ ၂၀၀ ကျော် ၃၀၀ နီးပါးကို တစ်ပိဿာ ကျပ် ၄၀၀၀ ဈေးနဲ့ ရောင်းချရပါတယ်။ ခြံရှေ့မှာပဲ တဲထိုးပြီး ရောင်းတာကို တော်တော်ရောင်းရပါတယ်။ ခြံထွက်ဆိုတော့ စားသုံးသူ ကြိုက်ကြတယ်"ဟု မုံရွာမြို့နယ် ရွာတုံ့ရွာရှိ စပျစ်စိုက်ပျိုးသူ ဦးဇော်ခင်က ပြောကြားသည်။

စပျစ်စိုက်ပျိုးရာတွင် အကြမ်းအားဖြင့် ပင်ထောင်စိုက်နည်း၊ ချုံပုတ်သဏ္ဌာန် စိုက်နည်း၊ ကြိုးတန်းစိုက်နည်းနှင့် စင်တင်စိုက်နည်း စသည့်နည်းများဖြင့် စိုက်ပျိုးလေ့ရှိကြသည်။ စပျစ်စိုက်ပျိုးသူ အများစုသည် ပင်ထောင်စိုက်ပျိုးနည်းကို **စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆



မင်းဘူး(စကု)မြို့နယ်၌ နှမ်းစိုက်ပျိုးနေမှုကို တွေ့ရစဉ်။

## မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်၌ မိုးသီးနှံများ စတင်စိုက်ပျိုး

**မင်းဘူး မေ ၁၁**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်အတွင်း မေ ၉ ရက်နှင့် ၁၀ ရက်တို့တွင် မိုးရွာသွန်းမှုများကြောင့် မြို့နယ်အတွင်းရှိ ကျေးရွာများတွင် မိုးသီးနှံများ စတင်စိုက်ပျိုးလျက်ရှိကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။ **စာမျက်နှာ ၃ ကော်လံ ၄ သို့** ❖


**ယနေ့ ဖတ်စရာ**

**လူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသော နေရာသည် စာသင်ကျောင်းများသာဖြစ်သည်**

ဆောင်းပါး စာမျက်နှာ » ၆



**ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီ**

ဆောင်းပါး စာမျက်နှာ » ၁၁

**ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၆ ဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၁၈ ရာခိုင်နှုန်းရှိ**

စာမျက်နှာ » ၁၂

**ရှင်းနှီးချစ်ကြည်**

**သွေးချင်းတို့ဌာနီ**

စာမျက်နှာ ၁၆၊ ၁၇





ကြေးမုံ

# ရေအရင်းအမြစ်ကို ထိရောက်စွာအသုံးချ

မြန်မာနိုင်ငံသည် ပထဝီဝင်အနေအထားအရ ကောင်းစွာအကျိုးပြုသည့် သဘာဝသယံဇာတများ ပေါများကြွယ်ဝစွာရှိနေသည်။ ရေ၊ လေ၊ မြေ၊ နေ၊ တွင်းထွက်သယံဇာတများစုံလင်စွာ အနှံ့အပြားရှိနေသည်။ အထူးသဖြင့် ရေသယံဇာတများမှာ မြန်မာနိုင်ငံ၏ ပထဝီဝင်အနေအထားအရ အလျှံပယ်ပေါများလျက်ရှိသည်။ သို့သော် အဆိုပါရေသယံဇာတများကို နိုင်ငံအတွက် အပြည့်အဝအသုံးချနိုင်ခြင်း မရှိသေးပေ။

မြန်မာနိုင်ငံတွင် ဧရာဝတီ၊ ချင်းတွင်း၊ စစ်တောင်း၊ သံလွင်မြစ်ကြီးလေးသွယ်သည် မြောက်မှတောင်သို့စီးဆင်းနေပြီး အခြားမြစ်များနှင့် မြစ်လက်တက်၊ ချောင်းမြောင်းများမှ မြန်မာနိုင်ငံတစ်နိုင်ငံလုံးတွင် ယှက်နွယ်စီးဆင်းလျက်ရှိသည်။ မြန်မာနိုင်ငံ၌ ရာသီဥတုမိုးရေချိန်ကောင်းမွန်ပြီး ပေါများသည့်စိမ့်စမ်းရေကြောင်းများသည် နိုင်ငံကိုအကျိုးပြုလျက်ရှိသည်။ ပေါများကြွယ်ဝသော ရေအရင်းအမြစ်များကို အလဟဿမဖြစ်စေဘဲ ထိရောက်စွာ အသုံးချရန်လိုအပ်ပေသည်။

ထို့ကြောင့် ပေါများသော ရေသယံဇာတအရင်းအမြစ်များကို ထိရောက်စွာ စီမံခန့်ခွဲ အသုံးချနိုင်ရေးအတွက် နိုင်ငံတော်က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။ မြန်မာနိုင်ငံရှိ မြစ်ကြီးလေးသွယ်သည် နိုင်ငံမြောက်ပိုင်းမှ ဖြစ်ဖျားခံ စတင်စီးဆင်းလာပြီး ပင်လယ်အတွင်းသို့ စီးဝင်လျက်ရှိရာ ရှည်လျားသောရေစီးကြောင်း၏ ရေစီးနှုန်းနှင့်ရေလမ်းကြောင်းကို တိုင်းတာရန် ဆောင်ရွက်လျက်ရှိသည်။

ရေစီးနှုန်းအတိုင်းအတာနှင့် ရေလမ်းကြောင်းအခြေအနေအပါအဝင် ရေအရင်းအမြစ်ပမာဏကို စူးစမ်းလေ့လာရေး ဆောင်ရွက်နိုင်ရန်အတွက် ရေအရင်းအမြစ်စူးစမ်းလေ့လာရေးအဖွဲ့ကို နိုင်ငံတော်က ဖွဲ့စည်းပေးခဲ့သည်။ စူးစမ်းလေ့လာရေးအဖွဲ့၏ လုပ်ငန်းတာဝန်(၁၀)ရပ်ကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့် အတူ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။ နိုင်ငံအတွင်းရှိ အဓိကကျသော မြစ်ကြီးများနှင့် ဆက်နွယ်နေသည့် မြစ်ဝှမ်းဒေသများရှိ ရေအရင်းအမြစ်များကို စူးစမ်းလေ့လာ၍ ပမာဏကို တိုင်းတာတွက်ချက်ပြီး ထိရောက်စွာအသုံးချရေးကို ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် နေ့စဉ်နှင့်အမျှ အသုံးပြုလျက်ရှိသော လျှပ်စစ်စွမ်းအားရရှိရေးအတွက် အစဉ်အဆက် ရေအားလျှပ်စစ်ကို အသုံးချလျက်ရှိသည်။ တိုးပွားလာသော လူဦးရေနှင့်များပြားလာသောအသုံးပြုမှုများကြောင့် ရေအားလျှပ်စစ်ဖြင့် မလုံလောက်သဖြင့် ဒီဇယ်၊ သဘာဝဓာတ်ငွေ့စသည့်နည်းလမ်းများဖြင့် ငွေကုန်ကြေးကျခံကာ ဆောင်ရွက်နေရသည်။ မြစ်ချောင်းအင်းအိုင်များမှတစ်ဆင့် ဆည်တမံများမှ လျှပ်စစ်ဓာတ်အားများကို ထုတ်လုပ်ပေးလျက်ရှိရာ ပိုမိုတိုးတက်ဆောင်ရွက်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ယခုအချိန်အထိ နိုင်ငံအတွင်းရှိ ရေအားအရင်းအမြစ်များအားလုံး၏ တစ်စိတ်တစ်ဒေသကိုသာ အသုံးပြုနိုင်သေးသဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုဘဝအဆင့်မြင့်မားရေးအတွက် ရေအားအရင်းအမြစ်များကို စနစ်တကျ စူးစမ်းလေ့လာ၍ အကျိုးရှိစွာ အသုံးချကြရမည် ဖြစ်သည်။

ရေသယံဇာတများကို စနစ်တကျစီမံခန့်ခွဲဆောင်ရွက်နိုင်မှသာ ရေကြောင်းပို့ဆောင်ရေး၊ သောက်သုံးရေနှင့် စိုက်ပျိုးရေပေးဝေရေး၊ ရေအားလျှပ်စစ်ထုတ်လုပ်ရေး၊ ရေနှင့်ဆက်နွယ်သည့် သဘာဝဘေးအန္တရာယ်များ လျော့ပါးသက်သာစေရေး လုပ်ငန်းများကို ဆောင်ရွက်နိုင်ပြီး ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် Socio Economic Development ကို အထောက်အကူပြုနိုင်မည်ဖြစ်သည်။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံရှိ မြစ်ကြီးများတွင် ရေကြောင်းသွားလာမှု လုံခြုံချောမွေ့စေရေး၊ ရေလမ်းကောင်းမွန်ရေး၊ ကမ်းပြိုကမ်းစားမှုကာကွယ်ရေး၊ ရေကြောင်းတိုင်းတာရေး၊ ရေအရည်အသွေးနှင့် သဲနုန်းလေ့လာရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ယခုအခါ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ရေအရင်းအမြစ်စူးစမ်းလေ့လာရေးလုပ်ငန်းများမှ ပေါ်ထွက်လာသောရလဒ်များကို ဆက်နွယ်အသုံးပြုရာဌာနများနှင့် ထိရောက်စွာဆက်လက်အကောင်အထည်ဖော်နိုင်ပါက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက်သာမက ကမ္ဘာ့ကုလသမဂ္ဂက ချမှတ်ထားသည့် ထောင်စုနှစ်ရည်မှန်းချက်များ ၂၀၃၀ အကောင်အထည်ဖော်ဆောင်ရွက်မှုကိုလည်း အထောက်အကူပြုမည်ဖြစ်သည်။ မြန်မာနိုင်ငံ၏ ရေအရင်းအမြစ်များတွင် အဓိကကျသည့် ဧရာဝတီမြစ်ကြီးသည် နိုင်ငံတည်တံ့ခိုင်မြဲနေသရွေ့ နှစ်ပေါင်းထောင်ချီကြာမြင့်သည်အထိ အဆုံးအဆမရှိ အကျိုးပြုလျက်ရှိသည်။

သို့ဖြစ်ရာ ပကတိတည်ရှိနေပြီး အစဉ်မပြတ်အကျိုးပြုနေသော ရေသယံဇာတများကို စူးစမ်းလေ့လာရှာဖွေ၍ ထိရောက်စွာအသုံးပြုကာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း။ ။

## ရေကြည်မြို့နယ်၌ အသိပညာပေးလက်ကမ်းစာစောင် ဖြန့်ဝေ

ရေကြည် မေ ၁၁

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာဆောင်ရွက်ရေး လူကုန်ကူးမှုဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင် ဖြန့်ဝေခြင်းနှင့် လိုင်စင်မဲ့ယာဉ်များ စီးနင်းသွားလာမှု မရှိစေရေးအတွက် အသိပညာပေးခြင်း လုပ်ငန်းများကို ယနေ့နံနက် ၉ နာရီက လူစည်ကားရာနေရာဖြစ်သည့် ရေနံ့သာလမ်းဆုံလမ်းခွတို့၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



ထိုသို့ အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်ဖြန့်ဝေခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းဝင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဗိုလ်မှူး မျိုးမြင့်အောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး အောင်ကိုကိုနှင့် တာဝန်ရှိသူများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်းပြီး ဆောင်ရွက်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ရေတာရှည်မြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်

ရေတာရှည် မေ ၁၁

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ ကလေးငယ်များ သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားစေရန်အတွက် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများကို မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ယနေ့နံနက်ပိုင်းက ရေတာရှည်မြို့ပေါ်ရပ်ကွက်များတွင် ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။



မိုးအကြို၊ မိုးဦးရာသီအကြို တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် ပိုးလောက်လန်းများနှင့်ခြင်များ အလွယ်တကူပေါက်ပွားနိုင်သည့် ရေစပ်ရေအိုင်များ၊ ရေတွင်းရေကန်များ၊ ကြာရှည်သိုလှောင်ထိန်းသိမ်းထားနိုင်သည့် ရေပုံးများအတွင်း အဘိတ်ဆေးခတ်ခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ် ပြုလုပ်ခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ကျန်းမာရေးအသိပညာပေးပြောကြားခြင်းနှင့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး အသိပညာပေး လက်ကမ်းစာစောင်ဖြန့်ဝေခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကိုလွင်(ဆွာ)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၁ - ၅ -၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၇၀၀ | ၇,၇၀၀ | ၆၄၁ | ၄,၉၃၅,၇၀၀ |
| MTSH | ၂,၆၅၀ | ၂,၆၅၀ | ၃၁၃ | ၈၂၉,၇၀၀ |
| MCB | ၇,၈၀၀ | ၇,၈၀၀ | ၁၀ | ၇၈,၀၀၀ |
| FPB | ၁၈,၀၀၀ | ၁၈,၀၀၀ | ၀ | ၀ |
| TMH | ၂,၅၅၀ | ၂,၅၅၀ | ၁ | ၂,၅၅၀ |
| EFR | ၂,၆၀၀ | ၂,၆၀၀ | ၂၁၃ | ၄၆၃,၈၀၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၂၅၂ | ၁,၂၆၀,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် မေ ၁၁

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၈၅၀.၀ |
| ( ခ ) ဥရောပ | တစ်ယူရို | = | ၁၉၅၃.၉ |
| ( ဂ ) တရုတ် | တစ်ယွမ် | = | ၂၇၅.၂၄ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၃.၄၁၄ |
| ( င ) မလေးရှား | တစ်ရင်းဂစ် | = | ၄၂၂.၇၁ |
| ( စ ) အိန္ဒိယ | တစ်ရူပီး | = | ၂၃.၉၅၄ |
| (ဆ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၂၉၆.၉ |
| ( ဇ ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၃၃၅.၅ |
| ( ဈ ) ဂျပန် | တစ်ရာယန်း | = | ၁၄၂၆.၄ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၅.၃၄ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်စွာလင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# မုန်တိုင်းအရှိန်ကြောင့် ဖြစ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်မှန်းဆ၍ လိုအပ်သော သဘာဝဘေးစီမံခန့်ခွဲမှု လုပ်ငန်းများကို ကြိုတင်ပြင်ဆင်နိုင်ရေး ပူးပေါင်းဆောင်ရွက်

**နေပြည်တော် မေ ၁၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက် ၉ နာရီတွင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန၌ ဖွင့်လှစ်ထားရှိသည့် အရေးပေါ်အခြေအနေစီမံခန့်ခွဲမှုဗဟိုဌာနသို့ ရောက်ရှိပြီး မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်များ၊ နိုင်ငံတကာမိုးလေဝသ Website များမှ အချက်အလက်များကို ရယူ၍ ဆိုင်ကလုန်းမုန်တိုင်း အာစန်နီနှင့်ပတ်သက်ပြီး လိုအပ်သော ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် တာဝန်ရှိသူအဆင့်ဆင့်၏ တင်ပြဆောင်ရွက်မှုများနှင့်ပတ်သက်၍ လိုအပ်သည်များဆွေးနွေးမှာကြားသည်။




**ရှင်းလင်းတင်ပြ**

ဦးစွာ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "အာစန်နီ (ASANI)" ၏ တည်နေရာ၊ ဗဟိုလေတိုက်နှုန်း၊ အိန္ဒိယနိုင်ငံကမ်းခြေဘက်သို့ မုန်တိုင်းကမ်းကပ်မည့် ခန့်မှန်းရွေ့လျား လမ်းကြောင်းများနှင့်တကွ ဆိုင်ကလုန်းမုန်တိုင်း၏ မြန်မာနိုင်ငံအပေါ် သက်ရောက်နိုင်မှုများကို တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြရာ အမြဲတမ်းအတွင်းဝန်က လိုအပ်သည်များ ဖြည့်စွက်တင်ပြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက အိန္ဒိယနိုင်ငံကမ်းခြေအနီး ကမ်းကပ်ဝင်ရောက်မည့် အာစန်နီမုန်တိုင်းနှင့် ပတ်သက်၍ မုန်တိုင်းဖြစ်ပေါ်နေစဉ် အချိန်ကာလအတွင်း မုန်တိုင်းဖြတ်သန်းမည့်ခန့်မှန်းလမ်းကြောင်းကို နေ့ရက်အချိန်အလိုက် စဉ်ဆက်မပြတ် စောင့်ကြည့်စေလိုပါကြောင်း၊ မုန်တိုင်းသည် မြန်မာနိုင်ငံသို့ တိုက်ရိုက်သက်ရောက်မှု မရှိသေးသော်လည်း မုန်တိုင်းလမ်းကြောင်း ပြောင်းလဲမှုနှင့် ဆက်စပ်သတင်း အချက်အလက်များကို အချိန်မီသိရှိနိုင်ပြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းစဉ်များအား အချိန်နှင့်တစ်ပြေးညီ ကြိုတင်စီမံဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ယခု အိန္ဒိယနိုင်ငံ၊ သြရိဿကမ်းခြေအနီးဖြစ်ပွားနေသည့် အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "အာစန်နီ (ASANI)"နှင့် ပတ်သက်၍ နေ့ရက်အလိုက် ပြောင်းလဲလာသည့် သတင်းအချက်အလက်များကိုလည်း သက်ဆိုင်ရာ တိုင်းဒေသ ကြီး/ပြည်နယ်များသို့ ဆက်လက်ဖြန့်ဝေပေးရန် လိုအပ်ကြောင်း၊ ယခုမုန်တိုင်းအရှိန်ကြောင့် ဖြစ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်မှန်းဆ၍ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးရုံးများကလည်း မိမိတို့ဒေသအလိုက် လိုအပ်သော သဘာဝဘေးစီမံခန့်ခွဲမှုလုပ်ငန်းများကို ကြိုတင်ပြင်ဆင်နိုင်ရေး ဒေသအလိုက် အစိုးရအဖွဲ့များနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း မှာကြားသည်။

**မှာကြား**

ယင်းနောက် ဒုတိယဝန်ကြီးက လက်ရှိ အာစန်နီမုန်တိုင်းဒဏ်ခံရနိုင်သည့် အိန္ဒိယနိုင်ငံ၏ ဘေးတုံ့ပြန်ရေးအစီအမံများ ဆောင်ရွက်ထားရှိမှုကို မပြတ်လေ့လာထားကြရန်နှင့် လိုအပ်သလိုအသုံးပြုနိုင်ရေး ဆန်းစစ်မှတ်တမ်းတင်ထားကြရန် လိုအပ်ကြောင်း မှာကြားသည်။

**သတင်းစဉ်**

# ပင်းတယမြို့နယ်အတွင်း စံပြကျေးရွာ ဖော်ဆောင်နိုင်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**နေပြည်တော် မေ ၁၁**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးနှင့် တာဝန်ရှိသူများသည် ယမန်နေ့ မွန်းလွဲပိုင်းက ရှမ်းပြည်နယ် (တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။




**တွေ့ဆုံ**

ရေးဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် ကျားကုန်းကျေးရွာသို့ ရောက်ရှိကြပြီး ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာများ၏ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးရေး၊ မီးလင်းရေး၊ ရေရရှိရေး၊ လမ်း/ တံတားများနှင့် အသက်မွေးဝမ်းကျောင်းသင်တန်းဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်ပေးနေကြောင်း၊ သမဝါယမဦးစီးဌာနအနေဖြင့် ကျေးရွာများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ အသင်းအဖွဲ့စနစ် အောင်မြင်ဖြစ်ထွန်းရေး၊ အရင်းအနှီးရရှိရေး၊ လယ်ယာသုံးစက်ကိရိယာများ ထောက်ပံ့ပေးနိုင်ရေးတို့ကို ဆောင်ရွက်ပေးနေကြောင်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအနေဖြင့် ကျေးရွာသူ ကျေးရွာသားများအတွက် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများ သင်ကြားပို့ချပေးနေပြီး ဦးစီးဌာနသုံးခု ပူးပေါင်း၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးနေပါကြောင်း၊ ကျေးရွာသူ ကျေးရွာသားများကလည်း မိမိတို့ရပ်ရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းပါဝင် အလေးထား ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားပြီး ဒေသခံပြည်သူများ၏ လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ပင်းတယမြို့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးရုံးသို့ရောက်ရှိပြီး ဒေသဦးစီးဥက္ကဋ္ဌနှင့်တွေ့ဆုံကာ ပင်းတယမြို့နယ် ကျားကုန်းကျေးရွာအား ခေတ်မီစံပြကျေးရွာ (Smart Village) အဖြစ် စတင်အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် အစီအစဉ်များ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် လာမည့်ဘဏ္ဍာနှစ်များတွင် ဆောင်ရွက်သွားမည့်လုပ်ငန်းများကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ကလောမြို့နယ် အင်းပက်လက်ကျေးရွာသို့ရောက်ရှိကာ ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ခွင့်ပြုရန်ပုံငွေ ၈ ဒသမ ၅ သန်းဖြင့် ဆောင်ရွက်ခဲ့သည့် ဂါလန် ၁၀၀၀၀ ဆံ့ ရေစုကန်တည်ဆောက်ပြီးစီးမှုနှင့် အင်းပက်လက်ကျေးရွာ အပါအဝင် နန်းပလန်၊ သရက်ပြား၊ သစ်အယ်ပင်နှင့် ဘော်ဆိုကျေးရွာငါးရွာရှိ အိမ်ခြေ ၈၅၀၊ လူဦးရေ ၃၈၉၈ ဦးအတွက် အကျိုးပြုစေမည့် စုပေါင်းရေပေးရေး လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကလောမြို့နယ် မြောက်မြေခြားကျေးရွာသို့ ရောက်ရှိပြီး မြောက်မြေခြားကျေးရွာနှင့် တောင်ပတ်ကျေးရွာရှိ အိမ်ခြေ ၁၉၀၊ လူဦးရေ ၇၆၃ ဦးအတွက် အကျိုးပြုစေမည့် စုပေါင်းရေပေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု၊ ကျေးရွာနှစ်ရွာအတွက် တွင်းနက်ပေ ၃၃၀ တူးဖော်ပြီးစီးမှု၊ မြောက်မြေခြားကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေလည်ပတ်မှု အခြေအနေနှင့် အတိုးရငွေဖြင့် ဆောင်ရွက်နေသည့် လုပ်ငန်းများ ပြီးစီးမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

**သတင်းစဉ်**

## ၂၀၂၂ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အလွတ်တန်း ဆောင်းပါးနှင့် စာစီစာကုံးပြိုင်ပွဲအတွက် ဖိတ်ခေါ်ခြင်းအား ရက်တိုးမြှင့်သတ်မှတ်ခြင်း

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၂၂ ခုနှစ် ဇွန်လ ၅ ရက်နေ့တွင် ကျရောက်မည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ကို "တစ်ခုတည်းသော ကမ္ဘာမြေ (Only One Earth)"** ဆောင်ပုဒ်ဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။ ယခုနှစ် ဆောင်ပုဒ်၏ တိုက်တွန်းနှိုးဆော်ချက်များကို ပြည်သူများ သိရှိလိုက်နာဆောင်ရွက်နိုင်စေရန် ကြော်ငြာထားပြီးဖြစ်၍ **"တစ်ခုတည်းသောကမ္ဘာမြေ (Only One Earth)"** ခေါင်းစဉ်ဖြင့် အလွတ်တန်းဆောင်းပါးနှင့် စာစီစာကုံးပြိုင်ပွဲများကို ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသဖြင့် ၁၂.၅.၂၀၂၂ ရက်နေ့ထိ နောက်ဆုံးထား၍ စာမူများပေးပို့ရန် ဖြစ်သော်လည်း ထပ်မံရက်တိုးမြှင့်သတ်မှတ်လိုပါသဖြင့် ၁၉.၅.၂၀၂၂ ရက်နေ့နောက်ဆုံးထား၍ ဆက်သွယ်ပေးပို့နိုင်ပါကြောင်းနှင့် အသေးစိတ်အချက်အလက်များကို ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန Website(www.ecd.gov.mm) နှင့် Facebook Page (Environmental Conservation Department–ECD) တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း အသိပေးအပ်ပါသည်။ ဆုရရှိသူများ ကို ၂၀၂၂ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့တွင် နေပြည်တော်၌ ကျင်းပပြုလုပ်မည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ဆုချီးမြှင့်သွားမည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူများအနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

# ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့်အဖွဲ့ အရှေ့တောင်အာရှအားကစားပြိုင်ပွဲ တက်ရောက်ကြည့်ရှုအားပေး

နေပြည်တော် မေ ၁၁

(၃၁) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ အားကစားနည်း ၂၀ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး ယနေ့ မွန်းလွဲ ၂ နာရီတွင် ဗီယက်နမ်နိုင်ငံ ဟန္တိုင်းမြို့ရှိ Gymnasium တွင် Kurash အားကစားနည်း +၈၇ ကီလိုတန်း ဆီမီးဖိုင်နယ်ပွဲစဉ်နှင့် ဗိုလ်လုပွဲ ပွဲစဉ်များကို ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးနှင့် တာဝန်ရှိသူများ၊ မြန်မာအားကစားအဖွဲ့များက တက်ရောက်ကြည့်ရှုအားပေးကြသည်။






Kurash အားကစားနည်း +၈၇ ကီလိုတန်း ဆုရအားကစားသမားများ နိုင်ငံတော်အလံကို အလေးပြုကြစဉ်။

အဆိုပါပြိုင်ပွဲတွင် Kurash အားကစားနည်း +၈၇ ကီလိုတန်း အားကစားသမား မအေးအေးအောင်သည် မြန်မာနိုင်ငံအတွက် ပထမဆုံး ရွှေတံဆိပ်ဆုကို ဆွတ်ခူးရရှိခဲ့သည်။ ပွဲဦးထွက် အကြိုဗိုလ်လုပွဲတွင် မအေးအေးအောင်သည် ပြိုင်ဘက်အသင်းဖြစ်သော ထိုင်းအားကစားသမားကို လည်းကောင်း၊ ဆီမီးဖိုင်နယ်တွင် ဗီယက်နမ်အားကစားသမားကို လည်းကောင်း အနိုင်ရရှိခဲ့ပြီးနောက် ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့သည်။ ထို့နောက် ဗိုလ်လုပွဲတွင် ဖိလစ်ပိုင်အသင်းနှင့် ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ကြရာ မအေးအေးအောင်က ဖိလစ်ပိုင်အားကစားသမား TANGCONTIAN SYDNEY SY ကို အနိုင်ရရှိခဲ့ပြီး မြန်မာနိုင်ငံအတွက် ပထမဦးဆုံး ရွှေတံဆိပ်ဆုကို ထိုက်ထိုက်တန်တန် ဆွတ်ခူးရယူပေးနိုင်ခဲ့ခြင်းဖြစ်ပြီး ဖိလစ်ပိုင်နိုင်ငံမှ ငွေတံဆိပ်နှင့် အိမ်ရှင်ဗီယက်နမ်နိုင်ငံမှ ကြေးတံဆိပ်များ ရရှိခဲ့ကြသည်။

ယနေ့ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိခဲ့သော Kurash အားကစားသမား မအေးအေးအောင်သည် ဂျူဒိုအားကစားနည်းဖြင့် ၂၀၀၇ ခုနှစ်တွင် ထိုင်းနိုင်ငံ၌ ကျင်းပခဲ့သည့် (၂၄) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုတစ်ကြိမ်၊ ၂၀၁၁ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပခဲ့သည့် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုတစ်ကြိမ်နှင့် ၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့သည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင်လည်း ရွှေတံဆိပ်ဆုတစ်ကြိမ် စုစုပေါင်း ရွှေတံဆိပ်ဆု သုံးကြိမ်တိုင်တိုင် ဆွတ်ခူးရရှိထားသော အားကစားသမားတစ်ဦးဖြစ်ကြောင်း သိရသည်။

သတင်းစဉ်




Kurash အားကစားနည်း +၈၇ ကီလိုတန်း အားကစားသမား မအေးအေးအောင် ယှဉ်ပြိုင်ကစားစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ Kurash အားကစားနည်း +၈၇ ကီလိုတန်း အားကစားသမား မအေးအေးအောင်အား ရွှေတံဆိပ်ဆု ပေးအပ်ချီးမြှင့်စဉ်။

# မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သည့် စက်ချုပ်သင်တန်း(၁ / ၂၀၂၂)ဖွင့်ပွဲကျင်းပ

မန္တလေး မေ ၁၁

မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သည့် စက်ချုပ်သင်တန်း(၁/၂၀၂၂)ဖွင့်ပွဲအခမ်းအနားကို မဟာအောင်မြေမြို့နယ်ရှိ မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ရုံးခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ကို အမျိုးသမီးများနှင့် ကလေးများအတွက် ကောင်းမွန်သော ရည်မှန်းချက်နှင့် ရှေ့လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းဒေသကြီးအတွင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းပိုင် မူကြို ၄၁ ခုရှိရာ ကျောင်းအားလုံး ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ရန်နှင့် တိုင်းဒေသကြီးအစိုးရကလည်း လိုအပ်သည်များ ပံ့ပိုးဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ စက်ချုပ်ပညာရပ်ကို အသက်မွေးဝမ်းကျောင်းတစ်ခုအဖြစ် လုပ်ကိုင်နိုင်သည်အထိ ကြိုးစားသင်ယူစေလိုကြောင်း၊ ပညာရပ်များကို အဆင့်ဆင့်လေ့လာပြီး ပညာရှင်တစ်ယောက်၊ လုပ်ငန်းရှင်တစ်ယောက်ဖြစ်သည်အထိ ကြိုးစားသွားကြရမည်ဖြစ်ကြောင်း၊ အမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်လာလျှင် နိုင်ငံတော်လည်း ဖွံ့ဖြိုးတိုးတက်လာမည်၊ နိုင်ငံတိုးတက်လာသည်နှင့် အမျိုးသမီးများဘဝလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ရာ မိမိဝါသနာပါသည့်အလုပ်ကို တစိုက်မတ်မတ်ဖြင့် ကြိုးစားသင်ယူကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ၡင်းနောက် မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သီတာအောင်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က သင်တန်းအတွက် ငွေကျပ်သိန်း ၃၀ ကို တာဝန်ရှိသူများထံသို့လည်းကောင်း၊ ကဆုန်လပြည့် (ဗုဒ္ဓ)နေ့တွင် လေးပြင်လေးရပ်မှ သံဃာတော် အပါး ၁၀၂၆ ပါး ဆွမ်းဆန်စိမ်းလောင်းလှူပွဲအတွက် မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့မှ လှူဒါန်းငွေကျပ် သိန်း ၅၀ ကို တိုင်းဒေသကြီးဝန်ကြီးချုပ်ထံသို့လည်းကောင်း ပေးအပ်ခဲ့သည်။

ယခုဖွင့်လှစ်သည့် စက်ချုပ်သင်တန်းအား သင်တန်းသူ ၅၀ ဖြင့် ဇွန် ၁၀ ရက်အထိ စာတွေ့လက်တွေ့ဖြင့် သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# လူငယ်များဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသောနေရာသည် စာသင်ကျောင်းများသာဖြစ်သည်

**မကြာမီကာလတစ်ခုမှာ အခြေခံပညာကျောင်းသား ကျောင်းသူများ နှစ်စဉ်ကျောင်းအပ်နှံမှု ရက်သတ္တပတ်လှုပ်ရှားမှုနှင့်အတူ ကျောင်းများတစ်ပြိုင်နက် ဖွင့်လှစ်ပြီး နိုင်ငံအတွက် ပညာရေးစာမျက်နှာသစ်တစ်ခု ဖွင့်လှစ်ကြပါတော့မည်။**

**ကိုဗစ်ကာလမှာ နှစ်ရှည်ကျောင်းများ ပိတ်ခဲ့ကြရသလို အဖျက်အမှောင့် ပယောဂများအောက်တွင် အချို့ကျောင်းသားများ ပညာသင်ခွင့် ဆုံးရှုံးခဲ့ကြရသည်။ တစ်နှစ်နောက်ကျလျှင် ပညာတတ်ဘွဲ့ရဖြစ်ရန် တစ်နှစ်နောက်ကျပြီး မိဘများလည်း နစ်နာရသလို နိုင်ငံတော်အတွက်လည်း နစ်နာလှသည်။ ထို့အတွက် ဇွန်လ ၂ ရက်နေ့တွင် ပြန်လည်ဖွင့်လှစ်မည့် အခြေခံပညာကျောင်းများတွင် မေလ ၂၆ ရက်နေ့မှစ၍ မိဘများအနေဖြင့် မိမိရင်သွေးများကို မပျက်မကွက် ကြိုးစားကျောင်းအပ်နှံကြရန် အထူးနှိုးဆော်တိုက်တွန်းလိုပါသည်။**

မြင့်မြတ်



### အခက်အခဲနှင့် စိန်ခေါ်မှုများကြားက ဘက်စုံကြိုတင်ပြင်ဆင်နေကြပြီဖြစ်

အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းအရ ပညာသင်နှစ်တိုင်းတွင် နှစ်စဉ် မေလနောက်ဆုံးပတ်ကို ကျောင်းအပ်နှံရေး ရက်သတ္တပတ်အဖြစ် သတ်မှတ်ပြီး ကျောင်းအပ်နှံခြင်းအခမ်းအနားများ ပြုလုပ်ကျင်းပခြင်းသည် အဓိကမှာ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေနိုင်ရေး ဖြစ်သည်။ ကာလရှည်ကျောင်းမတက်နိုင်သော ကလေးတစ်ဦးသည် ပညာသင်အခွင့်အလမ်း လက်လွှတ်ဆုံးရှုံးရပြီး ကျောင်းထွက်နိုင်ခြေလည်း များလှပါသည်။ ယခုလိုကာလတွင် အခြေခံပညာကျောင်းများအားလုံး ပြန်လည်ဖွင့်လှစ်နိုင်အောင်၊ ဆရာ ဆရာမများရော ကျောင်းသားများပါ လုံခြုံငြိမ်းချမ်းပျော်ရွှင်စွာဖြင့် ပညာသင်ကြားသင်ယူနိုင်အောင် ဘက်ပေါင်းစုံမှ ကြိုတင်ပြင်ဆင်နေကြပြီလည်း ဖြစ်ပါသည်။

**မိဘ၊ ဆရာ၊ ကျောင်းသားများအတွက် စိန်ခေါ်မှုများကား ရှိခဲ့၊ ရှိဆဲ၊ ရှိနေမည်သာ ဖြစ်သည်။ တည်ငြိမ်အေးချမ်းမှု မလိုလားသူများသည် ပညာရေးခရီးလမ်း ဖြောင့်ဖြူးသာယာနေမည်ကို မည်သို့မျှ လိုလားမည်မဟုတ်၊ ပညာတတ်များ မပေါ်ထွက်လာရေးအတွက် အနှောင့်အယှက်ပြုနိုင်သမျှ ပြုနေမည်သာဖြစ်သည်။ ပညာရေးနိမ့်ကျခြင်းသည် နိုင်ငံဖွံ့ဖြိုးခြင်း၏ ဆန့်ကျင်ဘက်ဖြစ်သည်ကို ၎င်းတို့ကောင်းကောင်းသိသည်။ ထို့ကြောင့် ကျောင်းများပြန်မဖွင့်နိုင်အောင်၊ ကျောင်းသားများ စာသင်ခန်းနှင့် ဝေးသည်ထက်ဝေးနေအောင်၊ ဆရာ ဆရာမများ၏ လုံခြုံရေးနှင့် မိမိတို့ကျောင်းနှင့် ပညာသင်ကြားရေးလုပ်ငန်းခွင် လုံခြုံစိတ်ချရမှု မရှိအောင်၊ မိဘများအနေဖြင့် မိမိတို့၏ ရင်သွေးများအတွက် အမြဲစိတ်ပူပန်နေရအောင်၊ ပြည်သူများအနေဖြင့် နိုင်ငံတော်၏ ပညာရေးအပေါ် အမြော်အမြင်ကြီးမှုနှင့် ဆရာ ဆရာမများ၏ စေတနာအပေါ် အထင်အမြင် လွဲမှားအောင် ကောလာဟလမျိုးစုံလွှင့်ထုတ်၍ နည်းလမ်းပေါင်းစုံဖြင့် အစဉ်ကြံဆောင်အားထုတ်နေမည်သာဖြစ်သည်။**

### တတ်နိုင်သမျှ မခွဲခြား တစ်ပြေးညီဖြည့်ဆည်းပေးနေ

ဤနေရာတွင် မိဘပြည်သူများ၊ ကျောင်းသားကျောင်းသူများ၊ ဆရာများပါ သတင်းများအပေါ် ဆင်ခြင်ချိန်ဆ၍ အမှန်ကိုသိအောင် လုပ်ကြစေချင်သလို သက်ဆိုင်ရာနှင့် ဆရာ ဆရာမများကလည်း ပတ်ဝန်းကျင်၏ ရိုက်ခတ်မှုနည်းအောင် သတင်းမှန်များကို ချပြအသိပေးစေလိုပါသည်။

ပညာရေးဝန်ကြီးဌာနသည် အခမဲ့ပညာရေးစနစ်ကို အကောင်အထည်ဖော်နေပြီး ငွေကြေးကောက်ခံခြင်း တစ်စုံတစ်ရာမရှိသည်မှာ အားလုံးအသိဖြစ်ပါသည်။ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်၊ ဗလာစာအုပ်၊ ခဲတံ၊ ဘောပင်စသည့်စာရေးကိရိယာများကို တတ်နိုင်သမျှ ပံ့ပိုးပေးသည်ဟုသိရသည်။ ရာနှုန်းပြည့် မလွန်မြောက်နိုင်သေးသော ကိုဗစ်ကာလတစ်ခုတွင် ရောဂါနှင့်ပတ်သက်၍ ယခုအခြေအနေအရ အလွန်အမင်းစိုးရိမ်စရာမရှိသော်လည်း ကိုဗစ်ကပ်ရောဂါ ကာကွယ်ရေးအတွက် ကျောင်းသားကျောင်းသူ ဆရာ ဆရာမများကို ပါးစပ်၊ နှာခေါင်းစည်းများ၊ မျက်နှာအကာများ၊ ကျောင်းအတွက် ကိုယ်အပူချိန်တိုင်းကိရိယာများနှင့် အခြားသော ကိုဗစ်ကပ်ရောဂါကာကွယ်ရေးဆိုင်ရာများကိုလည်း ပံ့ပိုးပေးသွားမည်သာဖြစ်ပါသည်။ စေတနာနှင့် ကူညီမှုမှန်သမျှသည် ဆင်းရဲချမ်းသာ အရောင်အသွေး မည်သည့်ခွဲခြားမှုမျိုးမှမရှိ အားလုံးတစ်ပြေးတည်းသာဖြစ်ပါသည်။

### ကျေပွန်ရမည့် မိဘတို့၏ဝတ္တရား

မိမိတို့၏ သားသမီးများ ပညာတတ်လူတော်လူမော်များဖြစ်ဖို့အရေးသည် မိဘများ၏ အရေးကြီးဆုံးသော ဝတ္တရားတစ်ခုဖြစ်ပါသည်။ ဤသည်ပင် နိုင်ငံဖွံ့ဖြိုးရေးတွင် ပါဝင်ထမ်းရွက်နေခြင်းလည်း ဖြစ်သည်ဟု ခံယူထိုက်သည်ဖြစ်၍ မိဘဝတ္တရားနှင့် နိုင်ငံ့တာဝန် ကျေပွန်သင့်ပါသည်။ ယနေ့ခေတ် အခြေအနေကို မိဘများအနေဖြင့် မျက်ခြည်မပြတ်ကြစေလိုပါ။ မနှစ်ကနှင့်မတူ မနေ့ကနှင့်ခြား၍ အချိန်နှင့်အမျှ အပေါင်းလက္ခဏာဆောင်၍ တိုးတက်မှုသို့ ရှေးရှုနေသည်ကို သတိပြုရပါမည်။

**အချို့မိဘများ မိမိ၏အတ္တ တလွဲမာနများကြောင့် မိမိတို့သားသမီးများ၏ ပညာရေးအနာဂတ် အမှောင်မဖုံးစေလိုပါ။ "ကျောင်း" ဟူသည် မည်မျှအရေးပါသည်ကို ငယ်စဉ်အခါ ပညာရှာခဲ့ကြသည့် ယနေ့ခေတ်မိဘများ သိပြီးဖြစ်ပါလိမ့်မည်။ မိဘများက ပညာသင်ပေးခဲ့၍ ကိုယ်လည်းလူလားမြောက်ခဲ့ပြီမဟုတ်ပါလား၊ ကိုယ်တိုင်မိဘဖြစ်လာသည့်အခါ ကိုယ့်သားသမီးတွေအပေါ် ပညာသင်ခွင့် မပေးသော မိဘ၊ ပညာကို တန်ဖိုးမထားတတ်သောမိဘ၊ မထိန်းကျောင်းမသွန်သင်တတ်၍ မိမိရင်သွေးများကို မလိမ္မာမိုက်မဲသူများဘဝသို့ တွန်းပို့မိသော မိဘများအဖြစ် နောင်တမရစေချင်ပါ။**

အစားထိုးပြန်မရသောအချိန်သည် အရေးကြီးပါသည်။ မိမိတို့သားသမီးများ ကျောင်းနေမြဲ၍ ကျောင်းမထွက်စေဘဲ သူတို့လေးတွေ၏ လှပသောအနာဂတ်ရေးအတွက် အချိန်ပေးစေလိုပါသည်။ ချစ်ရာမရောက် နှစ်ရာရောက်သွားနိုင်သည်ကို အထူးသတိထားရပါမည်။ လာမည့်စာသင်ကျောင်းများမှာ ဘာသာရပ်ဆိုင်ရာ ပြဋ္ဌာန်းစာများအပြင် လိမ္မာရေးခြားရှိစေမည့် ယဉ်ကျေးမှုနှင့် ဘာသာရေးအဆုံးအမသင်ခန်းစာများကိုပါ တွေ့မြင်ရတော့မည်ဖြစ်၍ ဂါရဝတရားဖြင့် လိမ္မာယဉ်ကျေးပြီး ကိုယ်ကျင့်တရားကောင်းသော သားသမီးများကို "အား" တစ်ခုအဖြစ် မိဘများတွေ့မြင်ရပါတော့မည်။ ကိုယ်ကိုယ်တိုင်က သားသမီးများကို လိုလိုချင်ချင်ဖြင့် ကျောင်းအပ်ကျောင်းပို့နိုင်ပါမှ၊ ကလေးများလည်း ပညာသင်ခွင့်ရကြပါမှ နောင်တစ်ချိန် ကိုယ့်ပတ်ဝန်းကျင်၊ ကိုယ့်အသိုင်းအဝိုင်းကြားမှာ မျက်နှာမငယ် အားမငယ်ရဘဲ ခေါင်းမော့နိုင်သည့် လူငယ်များ၊ မိဘများအဖြစ် တွေ့မြင်ကြရမည် ဖြစ်ပါသည်။

### ဆရာ ဆရာမများ၏ ကြီးလေးမွန်မြတ်သော တာဝန်ဝတ္တရား

ကျောင်းသားလူငယ်များ၏ ပညာရည်ဖွံ့ဖြိုးတိုးတက်မှုမှတစ်ဆင့် နိုင်ငံ့အနာဂတ် သားကောင်းလူငယ်များကို မွေးထုတ်ပေးနေသည့် ပဲ့ကိုင်ရှင် ဆရာ ဆရာမများ၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးသည်မှာ ငြင်းဖွယ်ရာမရှိပါ။ အရည်အသွေးပြည့်ဝသူများ ဖြစ်ဖို့၊ အရည်အသွေးမီသော ပညာများသင်ကြားပေးဖို့သည် ဆရာများ၏ တာဝန်ပင်ဖြစ်သည်။ မိမိတို့၏တပည့်များကို ရင်ဝယ်သားသမီးများနှင့်မခြား ပညာတတ်လူရည်ချွန် လူရည်မွန်များဖြစ်လာအောင် ပြုစုပျိုးထောင်သင်ကြားပေးရသည့် စေတနာအပေါ် နိုင်ငံ့သားကောင်းတစ်ယောက်ဖြစ်အောင်နှင့် နိုင်ငံပညာရေးဖွံ့ဖြိုးတိုးတက်ရေးမှာ အဓိကအခန်းမှ ပါဝင်ထမ်းရွက်နေရသည့် တာဝန်ယူမှုက ထပ်ဆင့်လိုက်သည့်အခါ ဆရာတစ်ယောက်၏တာဝန်သည်အထူးကြီးမားမွန်မြတ်သွားသည်ကို ဂုဏ်ယူကြစေလိုပါသည်။

ယနေ့ခေတ် ယနေ့အခြေအနေမျိုးမှာ ကျောင်းဆရာတစ်ယောက်ဖြစ်ရတာ မလွယ်ကူလှပါ။ သို့သော် အခက်အခဲအကျပ်အတည်းများကြား၊ စိုးရိမ်ပူပန်မှုများကြားကပင် နိုင်ငံတော်၏ ပံ့ပိုးကူညီမှုများနှင့်အတူ ဆရာဆရာမများ၏ စေတနာ၊ ဝါသနာ၊ အနစ်နာခံ၍ မှန်ကန်စွာ ပညာသင်ကြားပေးနိုင်ခဲ့ခြင်းသည်ပင် ရှေ့တက်ခရီးဆက်မည့် နောင်ပညာရေးခရီးလမ်းများအတွက် အတွေ့အကြုံကောင်းများဖြစ်ပါသည်။ အကောင်းဆုံးဖြင့် ဆက်လက်အသုံးချသွားနိုင်ကြမည်ဟု ယုံကြည်ချက်ထားစေလိုပါသည်။ ပါတီနိုင်ငံရေး ကင်းရှင်းစွာဖြင့် သစ္စာရှိနိုင်ငံ့ဝန်ထမ်းများပီပီ တာဝန်ဝတ္တရားများ ကျေပွန်စွာဖြင့် ထမ်းရွက်ကြမည့် ဆရာကောင်းများစွာကို အနာဂတ်တွင် ပို၍ပို၍မြင်တွေ့ကြရပါတော့မည်။

### ကျောင်းသားများဘက်မှလည်း...

ကျောင်းသားများဘက်မှ ကြည့်လျှင်လည်း သူတို့လည်း ကိုယ့်တာဝန်ကိုယ်ကျေရမည်။ မိမိပညာတတ်ကြီးဖြစ်ဖို့ မိဘများက ငွေကြေး၊ အချိန်၊ ပညာများစွာ ရင်းနှီးမြှုပ်နှံထားရသည်။ မိဘများ အသက်ရှိခိုက်၊ ကျန်းမာခိုက်မှာ ကိုယ့်ဘက်က ပညာဆုံးခန်းတိုင် ပြီးမြောက်အောင်မြင်ထားမှသာ မိဘကို ကျေးဇူးဆပ်ရာကျမည်ဖြစ်ပြီး မိမိလူ့အဖွဲ့အစည်း၊ ကိုယ့်ဆွေမျိုးအသိုင်းအဝိုင်း၊ ညီအစ်ကိုမောင်နှမများကိုလည်း ပြုစုပံ့ပိုးနိုင်မည်ဖြစ်သည်။

**စာမျက်နှာ ၇ သို့** ■

**"အချို့မိဘများ မိမိ၏အတ္တ တလွဲမာနများကြောင့် မိမိတို့သားသမီးများ၏ ပညာရေးအနာဂတ် အမှောင်မဖုံးစေလိုပါ။ "ကျောင်း" ဟူသည် မည်မျှအရေးပါသည်ကို ငယ်စဉ်အခါ ပညာရှာခဲ့ကြသည့် ယနေ့ခေတ်မိဘများ သိပြီးဖြစ်ပါလိမ့်မည်။ မိဘများက ပညာသင်ပေးခဲ့၍ ကိုယ်လည်း လူလားမြောက်ခဲ့ပြီမဟုတ်ပါလား၊ ကိုယ်တိုင်မိဘဖြစ်လာသည့်အခါ ကိုယ့်သားသမီးများအပေါ် ပညာသင်ခွင့်မပေးသော မိဘ၊ ပညာကို တန်ဖိုးမထားတတ်သော မိဘ၊ မထိန်းကျောင်း မသွန်သင်တတ်၍ မိမိရင်သွေးများကို မလိမ္မာမိုက်မဲသူများဘဝသို့ တွန်းပို့မိသောမိဘများအဖြစ် နောင်တမရစေချင်ပါ"**

> ကျောင်းတက်ခြင်းသည်ပင် နိုင်ငံ့အရေးဆောင်ရွက်ခြင်းဖြစ်၍ နိုင်ငံတော်နှင့် လူ့အဖွဲ့အစည်းကို ကျရာကဏ္ဍမှ အရည်အသွေးပြည့်ပြည့်ဖြင့် ပါဝင်ထမ်းရွက်ပေးနေသည့် ဂုဏ်ယူဖွယ်ရာနိုင်ငံ့သားကောင်းများ ဖြစ်နေပါသည်။ မိမိကိုယ်မိမိ ပညာတတ်၊ ပညာရှင်၊ အနာဂတ်ခေါင်းဆောင်ကောင်းတစ်ဦးအဖြစ် အိပ်မက်မက်စေချင်သည်။ သင်ကြားရမည့် ကျောင်းသင်ခန်းစာများသည်ပင် အသစ်အဆန်း အထူးအဆန်း တစ်ခုမှမပါ။ ယခင်ပြုစုထားသော သင်ရိုးညွှန်းတမ်းများသာဖြစ်သည်။ ဘေးပြောတာကို နားမယောင်ဖို့သာလိုသည်။ ဘေးမသီရန်မခ ကျောင်းပျက်ရက်မရှိ မပျက်မကွက် တက်ကြရန်သာလိုသည်။ ကျောင်းမတက်ဖြစ်လျှင် ဦးစွာထိခိုက်နစ်နာမှာက မိမိနှင့် မိမိမိသားစုပင်ဖြစ်၍ ပညာတတ်ကြီးများဖြစ်အောင်၊ ပညာရှင်များဖြစ်လာအောင် ကြိုးစားကျောင်းတက်ကြပါဟုသာ တိုက်တွန်းချင်

■ စာမျက်နှာ ၆ မှ

ကျောင်းတက်ခြင်းသည်ပင် နိုင်ငံ့အရေးဆောင်ရွက်ခြင်းဖြစ်၍ နိုင်ငံတော်နှင့် လူ့အဖွဲ့အစည်းကို ကျရာကဏ္ဍမှ အရည်အသွေးပြည့်ပြည့်ဖြင့် ပါဝင်ထမ်းရွက်ပေးနေသည့် ဂုဏ်ယူဖွယ်ရာနိုင်ငံ့သားကောင်းများဖြစ်နေပါသည်။ မိမိကိုယ်မိမိ ပညာတတ်၊ ပညာရှင်၊ အနာဂတ်ခေါင်းဆောင်ကောင်း တစ်ဦးအဖြစ် အိပ်မက်မက်စေချင်သည်။ သင်ကြားရမည့် ကျောင်းသင်ခန်းစာများသည်ပင် အသစ်အဆန်းအထူးအဆန်းတစ်ခုမှမပါ။ ယခင်ပြုစုထားသော သင်ရိုးညွှန်းတမ်းများသာ ဖြစ်သည်။ ဘေးပြောတာကို နားမယောင်ဖို့သာလိုသည်။ ဘေးမသီရန်မခ ကျောင်းပျက်ရက်မရှိ မပျက်မကွက် တက်ကြရန်သာလိုသည်။ ကျောင်းမတက်ဖြစ်လျှင် ဦးစွာထိခိုက်နစ်နာမှာက မိမိနှင့် မိမိမိသားစုပင်ဖြစ်၍ ပညာတတ်ကြီးများဖြစ်အောင်၊ ပညာရှင်များဖြစ်လာအောင် ကြိုးစားကျောင်းတက်ကြပါဟုသာ တိုက်တွန်းချင်ပါသည်။

ထို့ကြောင့် ယခုစာသင်နှစ်အတွက် ပညာသင်အခွင့်အလမ်းကောင်းကို လက်မလွှတ်ဘဲ အမိအရ ဆုပ်ကိုင်နိုင်ကြရန် ထပ်မံနှိုးဆော်တိုက်တွန်းလိုပါသည်။ မိဘရော၊ ဆရာရော၊ ကျောင်းသားများရော ကိုယ်စီတာဝန်ကျေပွန်ကြခြင်းဖြင့် ကျောင်းအပ်နှုန်းမှာ ယခင်ထက်ပိုမြင့်လာမည်ဟု ယုံကြည်ပါသည်။

နိုင်ငံတော်ကလည်း ယခင်အတွေ့အကြုံနှင့် သင်ခန်းစာများကို ပေါင်းစပ်ကာ ယခင်ထက်ပို၍ အားထည့်ပြီး ထိထိရောက်ရောက်ပံ့ပိုးကူညီသွားမည်ဟု ခံယူထားသည့်အတိုင်း အနာဂတ်ပညာရေးခရီးသည် ပန်းတိုင်အရောက် ပေါက်မြောက်အောင်မြင်မည်ဟု တစ်ထစ်ချယုံကြည်ပြီးလည်း ဖြစ်ပါသည်။ ပညာသည် အမှောင်ကိုခွင်းနိုင်သည်ဖြစ်၍ ပတ်ဝန်းကျင်အကျိုး၊ လူ့အဖွဲ့အစည်းကောင်းကျိုးအတွက် အလင်းဆောင်ပေးမည့် ပညာကို ပေးရမည့်၊ ယူရမည့်တာဝန်သည် မိဘ၊ ဆရာ၊ ကျောင်းသားများလက်ဝယ် ကျရောက်နေပြီဖြစ်ပါသည်။ အရေးကြီးသည်မှာ မိဘများဘက်ကဖြစ်ပါသည်။ သို့ဖြစ်၍ မိဘများအနေဖြင့် ကိုယ်စိတ်နှစ်ပါး ချမ်းမြေ့စွာဖြင့် ပူပန်သောကများ လျှော့ချ၍ ကျောင်းများအပ်နှံပေးကြပါ။ အဖြူကို အရောင်ဆိုးမခံဘဲ အဖျက်သဘောဆန်သော သွေးထိုးမှုများအောက်တွင် မိမိတို့၏ သားသမီးများ ပျက်စီးဆုံးရှုံးမှုလမ်းကြောင်းသို့ သွေဖည်သွားမည့်အရေးကိုသာ ပို၍အာရုံစိုက်ကြပါဟု အကြံပေးလိုပါသည်။

သို့မှသာ နောင်မဝေးသော အနာဂတ်တွင် မိမိတို့ ပင်ပန်းသည်၊ ခက်ခဲသည်ဟု သဘောမထား၊ ခံယူချက်ကောင်းများ ရင်မှာပိုက်၍ အားစိုက်ကြသင်ကြားပေးနေကြသော ဆရာ ဆရာမများ၏ လက်အောက်တွင် ကျောင်းသားများ၊ မိဘများ၏ ပီတိအပြုံးများကို ပို၍တွေ့မြင်ကြရမည်ဖြစ်ပါသည်။ ထိုသို့ဖြင့် ကိုယ်စီဝတ္တရား ကျေပွန်ကာမျှဖြင့် မျိုးဆက် တစ်ဆက်ပြီးတစ်ဆက် ပညာတန်ဖိုးသိနားလည်သော ပြည်သူ့သားကောင်းများ မလွဲကေန်ဖြစ်လာကြပါမည်။ မရိုင်းစိုင်း လိမ္မာယဉ်ကျေး ကိုယ်ကျင့်တရားကောင်းသော နိုင်ငံ့သားကောင်းများ မလွဲသေချာဖြစ်လာကြပါမည်၊ မိဘ၊ ဆရာ ပြည်သူပူးပေါင်းမှုအောက်တွင် ကျန်းမာကြံ့ခိုင်သော လူရည်ချွန်လူရည်မွန်များဖြင့် ငြိမ်းချမ်းသာယာဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ဖြစ်လာမည်မှာ မလွဲသေချာလှပါသည်ဟူ၍ အပြုသဘောအမြင်ကို ရေးသားလိုက်ရပါသည်။ ။

---

ပညာရေးဝန်ကြီးဌာန

၂၀၂၂ -၂၀၂၃ ပညာသင်နှစ်

“ကျောင်းနေအရွယ်ကလေးအားလုံး

ပညာသင်ယူခွင့်ရရှိဖို့ ကျောင်းအပ်နှံကြပါစို့”

ကျောင်းအပ်နှံရေးသီတင်းပတ် — ၂၀၂၂ ခုနှစ်၊ မေလ(၂၆)ရက်မှ ဇွန်လ (၁)ရက်ထိ

---

## ပညာရေးဝန်ကြီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များ၌ ဘွဲ့ကြို၊ ဘွဲ့လွန်သင်တန်းများကို မေ ၁၂ ရက်တွင် စတင်ဖွင့်လှစ်မည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
ကြေညာချက်

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များ၊ ဆရာအတတ်ပညာဦးစီးဌာနရှိ ပညာရေးဒီဂရီကောလိပ်များ၌ အောက်ဖော်ပြပါ ဘွဲ့ကြို၊ ဘွဲ့လွန်သင်တန်းများကို (၁၂-၅-၂၀၂၂) ရက်နေ့တွင် စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်းကြေညာလိုက်သည် -

**(က) အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့်ကောလိပ်များ**

(၁)၂၀၁၉-၂၀၂၀ ပညာသင်နှစ် - ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်နှင့် ဂုဏ်ထူးတန်း ပထမနှစ်သင်တန်းများ

(၂) ၂၀၂၁-၂၀၂၂ ပညာသင်နှစ် - ပဉ္စမနှစ် ဥပဒေပညာ၊ ပဉ္စမနှစ် ပညာရေးနှင့် ဂုဏ်ထူးတန်း တတိယနှစ် သင်တန်းများ(ဖွင့်လှစ်ဆဲ)

(၃)၂၀၂၁-၂၀၂၂ ပညာသင်နှစ် - မဟာအရည်အချင်းစစ်သင်တန်းနှင့်မဟာဘွဲ့သင်တန်းများ (ဖွင့်လှစ်ဆဲ)

(၄)၂၀၂၂-၂၀၂၃ ပညာသင်နှစ် - ပထမနှစ်သင်တန်းများ (၂၀၂၀ ပြည့်နှစ်တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများ)

**(ခ) ဆရာအတတ်ပညာဦးစီးဌာနရှိ ပညာရေးဒီဂရီကောလိပ်များ**

(၁)၂၀၁၉-၂၀၂၀ ပညာသင်နှစ် - ပထမနှစ် သင်တန်းများ

(၂) ၂၀၂၂-၂၀၂၃ ပညာသင်နှစ် - ပထမနှစ်သင်တန်းများ (၂၀၂၀ ပြည့်နှစ်တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများ)

(ဂ) ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပထမနှစ်သင်တန်းများအတွက် ကျောင်းအပ်လက်ခံခြင်းကို (၁၈-၄-၂၀၂၂) ရက်နေ့မှ စတင်လက်ခံဆောင်ရွက်လျက်ရှိပါသည်။ **ပညာရေးဝန်ကြီးဌာန**

---

ပညာရေးဝန်ကြီးဌာန
“၂၀၂၂ -၂၀၂၃ ပညာသင်နှစ်”

### ကျောင်းအုပ်၊ ဆရာ၊ ဆရာမများအားလုံးနှင့် အရာထမ်း၊ အမှုထမ်းများအားလုံး သိရှိလိုက်နာရမည့်အချက်များ

- ❖ မည်သည့်အခကြေးငွေမျှ ကောက်ခံခြင်း/လက်ခံခြင်းမပြုရ။
- ❖ ငွေကြေး/လက်ဆောင်ပစ္စည်း တစ်စုံတစ်ရာ လက်ခံခြင်းမပြုရ။
- ❖ အတန်းတံဆိပ်၊ ကျောင်းတံဆိပ်နှင့် အခြားမည်သည့်ပစ္စည်းကိုမျှ ရောင်းချခြင်းမပြုရ။
- ❖ ကျောင်းသား၊ ကျောင်းသူများ ပူးပေါင်းဆောင်ရွက်တတ်ရေး၊ ကျောင်းတက်မှန်ရေး၊ အိမ်စာများကို နေ့စဉ်လုပ်ဆောင်ရေး၊ မိဘများနှင့် ပူးပေါင်းဆွေးနွေး ဆောင်ရွက်ပေးပါရန်။
- ❖ ပညာသင်ကာလအတွင်း စစ်ဆေးအကဲဖြတ်ခြင်းအား ညွှန်ကြားချက်များအတိုင်း စစ်ဆေးရန်။
- ❖ ကျောင်းထွက်သူလုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့်ဆက်လက် ပညာသင်ယူနိုင်ရေးအတွက် မိဘများနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရန်။
- ❖ မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး၊ အရက်၊ ဘီယာ၊ စီးကရက်၊ ကွမ်းယာ မသုံးစွဲရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျန်းမာရေးနှင့် ညီညွတ်သော လူနေမှုပုံစံများ စွဲမြဲဆောင်ရွက်တတ်ရန် အသိပညာပေးရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျောင်းသား၊ ကျောင်းသူများ ဂိမ်းစွဲလမ်းမှုပပျောက်စေရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ပါးစပ်နှင့် နှာခေါင်းစည်း(Mask)ကို ညွှန်ကြားချက်များအတိုင်း စနစ်တကျ တပ်ဆင်ရန်၊ လိုအပ်ပါက မျက်နှာအကာ (Face Shield) တပ်ဆင်ရန်။
- ❖ လက်ကို ရေနှင့် ဆပ်ပြာအသုံးပြု၍ စက္ကန့်(၂၀)ကြာအောင် စနစ်တကျ မကြာခဏဆေးကြောရန်။
- ❖ လက်ဖြင့် နှာခေါင်း၊ ပါးစပ်၊ မျက်လုံးများမကိုင်ရန်။
- ❖ နှာစေး၊ ချောင်းဆိုး၊ ကိုယ်အပူချိန်မြင့်မားလျှင် ကျောင်းသို့မလာဘဲ နီးစပ်ရာကျန်းမာရေးဆေးခန်း၊ ဆေးရုံသို့ သတင်းပို့ရန်နှင့် ဆေးကုသမှုခံယူရန်။
- ❖ အသက်(၁၂)နှစ်ပြည့်ပြီး ကျောင်းသား၊ ကျောင်းသူများ ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေး ရာနှုန်းပြည့် ထိုးနှံပြီးစီးနိုင်ရေး သက်ဆိုင်ရာ ကျန်းမာရေးဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ရန်။

---

## မနက်ဖြန်နံနက်အထိခန့်မှန်းချက်

နေပြည်တော် မေ ၁၁

မကွေးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မိုး/ဇလ

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန
# သာသနာရေးဦးစီးဌာန
## ၁၃၈၄ ခုနှစ် (၂၀၂၂ ခုနှစ်)၊ ပါဠိပထမပြန်စာမေးပွဲ နေ့ရက်အလိုက် ဖြေဆိုမှုအခြေအနေ

ရက်စွဲ၊ ၁၁-၅-၂၀၂၂

| စဉ် | အကြောင်းအရာ | စာရင်းသွင်း | ဖြေဆို | ပျက်ကွက် | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁။ | ပထမကြီး | ၆၉၂၀ | ၅၂၅၇ | ၁၆၆၃ | ၇၅.၉၆ |
| ၂။ | ပထမလတ် | ၇၇၅၄ | ၆၀၀၃ | ၁၇၅၁ | ၇၇.၄၁ |
| ၃။ | ပထမငယ် | ၁၃၇၀၄ | ၁၀၈၀၀ | ၂၉၀၄ | ၇၈.၈၀ |
| | စုစုပေါင်း | ၂၈၃၇၈ | ၂၂၀၆၀ | ၆၃၁၈ | ၇၇.၇၄ |

## ၁၃၈၄ ခုနှစ် (၂၀၂၂ ခုနှစ်) ပါဠိပထမပြန်စာမေးပွဲ စာရင်းသွင်း၊ ဖြေဆို၊ ပျက်ကွက်စာရင်း

နေ့စွဲ၊ ၁၁ - ၅ - ၂၀၂၂

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | စာဖြေဌာန | ပထမကြီး | | | ပထမလတ် | | | ပထမငယ် | | | ကြီး/လတ်/ငယ်စုစုပေါင်း | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | စာရင်းသွင်း | ဖြေဆို | ပျက်ကွက် | စာရင်းသွင်း | ဖြေဆို | ပျက်ကွက် | စာရင်းသွင်း | ဖြေဆို | ပျက်ကွက် | စာရင်းသွင်း | ဖြေဆို | ပျက်ကွက် | ဖြေဆိုရာခိုင်နှုန်း |
| ၁ | ကချင် | ၇ | ၉၃ | ၇၄ | ၁၉ | ၁၅၇ | ၁၃၂ | ၂၅ | ၂၂၄ | ၁၈၂ | ၄၂ | ၄၇၄ | ၃၈၈ | ၈၆ | ၈၁.၈၆% |
| ၂ | ကယား | ၁ | ၂၆ | ၁၉ | ၇ | ၅၁ | ၃၆ | ၁၅ | ၉၆ | ၆၈ | ၂၈ | ၁၇၃ | ၁၂၃ | ၅၀ | ၇၁.၁၀% |
| ၃ | ကရင် | ၆ | ၁၄၀ | ၁၁၃ | ၂၇ | ၁၄၉ | ၁၂၈ | ၂၁ | ၃၂၈ | ၂၆၉ | ၅၉ | ၆၁၇ | ၅၁၀ | ၁၀၇ | ၈၂.၆၆% |
| ၄ | ချင်း | - | - | - | - | - | - | - | - | - | - | - | - | - | - |
| ၅ | စစ်ကိုင်း | ၂၅ | ၉၄၆ | ၆၈၄ | ၂၆၂ | ၉၃၉ | ၆၉၀ | ၂၄၉ | ၁၄၂၅ | ၁၁၀၆ | ၃၁၉ | ၃၃၁၀ | ၂၄၈၀ | ၈၃၀ | ၇၄.၉၂% |
| ၆ | တနင်္သာရီ | ၃ | ၂၉ | ၂၂ | ၇ | ၇၀ | ၅၁ | ၁၉ | ၁၃၀ | ၉၉ | ၃၁ | ၂၂၉ | ၁၇၂ | ၅၇ | ၇၅.၁၁% |
| ၇ | နေပြည်တော် | ၈ | ၁၉၈ | ၁၃၃ | ၆၅ | ၂၂၄ | ၁၇၅ | ၄၉ | ၅၆၈ | ၄၁၁ | ၁၅၇ | ၉၉၀ | ၇၁၉ | ၂၇၁ | ၇၂.၆၃% |
| ၈ | ပဲခူး(အရှေ့) | ၁၄ | ၃၈၂ | ၃၀၁ | ၈၁ | ၄၇၀ | ၃၃၈ | ၁၃၂ | ၇၈၉ | ၅၉၆ | ၁၉၃ | ၁၆၄၁ | ၁၂၃၅ | ၄၀၆ | ၇၅.၂၆% |
| ၉ | ပဲခူး(အနောက်) | ၁၄ | ၁၅၃ | ၁၂၉ | ၂၄ | ၁၈၂ | ၁၅၉ | ၂၃ | ၃၄၁ | ၂၈၃ | ၅၈ | ၆၇၆ | ၅၇၁ | ၁၀၅ | ၈၄.၄၇% |
| ၁၀ | မကွေး | ၁၇ | ၂၈၃ | ၂၂၃ | ၆၀ | ၂၉၅ | ၂၃၇ | ၅၈ | ၄၂၇ | ၃၆၂ | ၆၅ | ၁၀၀၅ | ၈၂၂ | ၁၈၃ | ၈၁.၇၉% |
| ၁၁ | မန္တလေး | ၂၈ | ၁၂၃၆ | ၈၉၂ | ၃၄၄ | ၁၂၉၅ | ၉၃၀ | ၃၆၅ | ၂၀၀၄ | ၁၅၉၆ | ၄၀၈ | ၄၅၃၅ | ၃၄၁၈ | ၁၁၁၇ | ၇၅.၃၇% |
| ၁၂ | မွန် | ၁၁ | ၈၂၇ | ၆၈၇ | ၁၄၀ | ၉၂၇ | ၇၆၅ | ၁၆၂ | ၁၆၁၈ | ၁၃၅၇ | ၂၆၁ | ၃၃၇၂ | ၂၈၀၉ | ၅၆၃ | ၈၃.၃၀% |
| ၁၃ | ရခိုင် | ၁၆ | ၂၀၀ | ၁၃၇ | ၆၃ | ၂၂၅ | ၁၇၄ | ၅၁ | ၃၉၄ | ၂၉၀ | ၁၀၄ | ၈၁၉ | ၆၀၁ | ၂၁၈ | ၇၃.၃၈% |
| ၁၄ | ရန်ကုန် | ၄၁ | ၁၆၇၂ | ၁၂၇၉ | ၃၉၃ | ၁၇၄၄ | ၁၃၆၂ | ၃၈၂ | ၃၀၇၁ | ၂၃၆၂ | ၇၀၉ | ၆၄၈၇ | ၅၀၀၃ | ၁၄၈၄ | ၇၇.၁၂% |
| ၁၅ | ရှမ်း(တောင်) | ၁၂ | ၂၇၀ | ၁၉၉ | ၇၁ | ၄၅၅ | ၃၄၈ | ၁၀၇ | ၉၄၄ | ၇၃၀ | ၂၁၄ | ၁၆၆၉ | ၁၂၇၇ | ၃၉၂ | ၇၆.၅၁% |
| ၁၆ | ရှမ်း(မြောက်) | ၈ | ၉၂ | ၆၆ | ၂၆ | ၁၃၉ | ၁၁၄ | ၂၅ | ၄၃၉ | ၃၄၆ | ၉၃ | ၆၇၀ | ၅၂၆ | ၁၄၄ | ၇၈.၅၁% |
| ၁၇ | ရှမ်း(ရှေ့) | ၂ | ၁၈ | ၁၃ | ၅ | ၄၀ | ၂၉ | ၁၁ | ၄၇ | ၃၁ | ၁၆ | ၁၀၅ | ၇၃ | ၃၂ | ၆၉.၅၂% |
| ၁၈ | ဧရာဝတီ | ၂၆ | ၃၅၅ | ၂၈၆ | ၆၉ | ၃၉၂ | ၃၃၅ | ၅၇ | ၈၅၉ | ၇၁၂ | ၁၄၇ | ၁၆၀၆ | ၁၃၃၃ | ၂၇၃ | ၈၃.၀၀% |
| | စုစုပေါင်း | ၂၃၉ | ၆၉၂၀ | ၅၂၅၇ | ၁၆၆၃ | ၇၇၅၄ | ၆၀၀၃ | ၁၇၅၁ | ၁၃၇၀၄ | ၁၀၈၀၀ | ၂၉၀၄ | ၂၈၃၇၈ | ၂၂၀၆၀ | ၆၃၁၈ | ၇၇.၇၄% |

## ပါဠိပထမပြန်စာမေးပွဲ ပဉ္စမနေ့ကျင်းပ

**နေပြည်တော် မေ ၁၁**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပသော ပါဠိပထမပြန်စာမေးပွဲကို ယနေ့တွင် နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၂၃၉ ဌာနတို့၌ (ပဉ္စမနေ့) အဖြစ် ဖြေဆိုကြသည်။

ပါဠိပထမပြန်စာမေးပွဲ (ပထမကြီး၊ ပထမလတ်၊ ပထမငယ်) ပဉ္စမနေ့ကို စာရင်းသွင်းသံဃာနှင့် သီလရှင် စုစုပေါင်း ၂၈၃၇၈ ပါး အနက် ၂၂၀၆၀ ဖြေဆိုကြသဖြင့် ၇၇ ဒသမ ၇၄ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။ **သတင်းစဉ်**



## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်များ လှူဒါန်း

**နေပြည်တော် မေ ၁၁**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ် ဗန်းမော်မြို့နယ်ရှိ မင်းမဟော်သုခဝတီ သာသနာ့ရိပ်သာသို့လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်ရှိ မြသီတဂူစာသင်တိုက်သို့လည်းကောင်း၊ မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်ရှိ ကုန်းမြင့်ရတနာကျောင်းတိုက်သို့လည်းကောင်း၊ မွန်ပြည်နယ် သထုံမြို့နယ်ရှိ မြစေတီစာသင်တိုက်သို့လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်ရှိ မင်းကျောင်းပထမပြန်စာသင်တိုက်သို့လည်းကောင်း၊ ရှမ်းပြည်နယ် မိုင်းခတ်မြို့နယ်ရှိ ထေရဝါဒသာသနာပြုကျောင်းတိုက်သို့လည်းကောင်း ဆရာတော် သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## (၂၉)ကြိမ်မြောက် မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲ တတိယနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် မေ ၁၁**

(၂၉)ကြိမ်မြောက် မြန်မာ့တပ်မတော် ဆေးပညာဆိုင်ရာ နှီးနှောဖလှယ်ပွဲ တတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)နှင့် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိတပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀)တို့၌ Online Hybrid စနစ်ဖြင့် တစ်ပြိုင်နက်တည်း ဆက်လက်ကျင်းပရာ တပ်မတော်ဆေးသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ကိုကိုလွင်၊ ဆေးဝန်ထမ်းတပ်ဖွဲ့မှ တပ်မတော်အရာရှိကြီးများ၊ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုအရာရှိများ၊ သူနာပြုများ၊ နိုင်ငံတကာမှ ဆေးပညာရှင်များ၊ ဆေးဝန်ထမ်းတပ်ဖွဲ့မှ အငြိမ်းစားအရာရှိကြီးများ၊ ဖိတ်ကြားထားသူများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။



နှီးနှောဖလှယ်ပွဲသို့ Inperson တက်ရောက်သူများအနေဖြင့် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) တွင် ၁၃၈ ဦးနှင့် တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀) တွင် ၃၇၉ ဦး စုစုပေါင်း ၅၁၇ ဦး တက်ရောက်ခဲ့ပြီး အွန်လိုင်းမှ တက်ရောက်သူများအနေဖြင့် ဆေးဝန်ထမ်းတပ်ဖွဲ့မှ အငြိမ်းစားအရာရှိကြီးများ၊ အခြားတပ်မတော်ဆေးရုံ၊ ဆေးတပ်အသီးသီးတို့မှ ပါရဂူ၊ ဆေးမှူး၊ သူနာပြု(အရာရှိ)နှင့် သူနာပြု စုစုပေါင်း ၇၂၈ ဦး တက်ရောက်ကြသည်။

ယနေ့တွင် "Clinicopathological Conference"၊ "Special Talk" ခုနစ်ခု၊ "Debate Session" နှင့် Symposium များအဖြစ် "COVID-19 Pandemic Driven New Chapter for Medicolegal Practices in Military Hospitals "၊ " Acute Stroke: What's New in Management? "၊ " Digital Learning in Health Professions Education "၊ "New Normal Dental Care in COVID-19 Pandemic"၊ "New Era in Heart Failure"၊ "The Old Herb with New Trick in COVID-19: Andrographis paniculata (Hsay-Khar-Gyi)"၊ "The Emerging Spectrum of COVID-19 Neurology"၊ " Fostering Professionalism: Assessing Unprofessional Behaviours of Students in Medical School" နှင့် "Care of Adult Cancer Patient at the End of Life" တို့ကို ဆွေးနွေးကြသည်။

ထို့အပြင် သုတေသနစာတမ်းများအဖြစ် ခွဲစိတ်ပညာ၊ ကလေးကျန်းမာပညာ၊ ကိုယ်လက်အင်္ဂါပြန်လည်သန်စွမ်းရေး၊ မူခင်းဆေးပညာ၊ ရောဂါဗေဒစသည့်ဘာသာရပ်ဆိုင်ရာ သုတေသနစာတမ်း စုစုပေါင်း ၁၁ စောင်တို့ကို ပါဝင်ဖတ်ကြားတင်သွင်းကြသည်။

ထို့နောက် ဆုရွေးချယ်ရေးအဖွဲ့က အကောင်းဆုံး သုတေသနစာတမ်းနှင့် ပိုစတာဆုများအတွက် ပထမ၊ ဒုတိယ၊ တတိယရရှိသူများနှင့် Young Researcher Award ရရှိခဲ့သည့် သုတေသနစာတမ်း၊ ပိုစတာဆုရှင်များအား ကြေညာပြီး တပ်မတော်ဆေးသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူးက အမှာစကားပြောကြားကာ (၂၉)ကြိမ်မြောက် မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲကို အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## တောင်ကြီးမြို့၌ ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



တောင်ကြီး မေ ၁၁

ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲ မဟာမင်္ဂလာ အခမ်းအနားကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၂ နာရီတွင် တောင်ကြီးမြို့ ရှမ်းပြည်နယ် အစိုးရရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက မြန်မာသက္ကရာဇ် ၁၃၈၄ခုနှစ် ကဆုန်လပြည့် ဗုဒ္ဓအခါတော်နေ့ ၂၀၂၂ ခုနှစ် မေ ၁၄ ရက်တွင် ကျင်းပမည့် တောင်ကြီးမြို့ စူဠာမုနိလောကချမ်းသာ စေတီတော်မြတ်ကြီးရှိ မဟာဗောဓိ ညောင်ပင်အား ညောင်ရေသွန်းလောင်းပူဇော်ပွဲ အခမ်းအနား စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးခေါ်ယူကျင်းပရခြင်းဖြစ်ကြောင်း၊ ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲကို တိုင်းဒေသကြီး/ပြည်နယ်များ၌ စည်ကားသိုက်မြိုက်စွာကျင်းပပြီး ရှမ်းပြည်နယ် တောင်ကြီးမြို့တွင်လည်း ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲ အခမ်းအနားကို နှစ်စဉ်ကျင်းပလျက်ရှိပြီး ယခုနှစ်တွင်လည်း အောင်မြင်စွာ ကျင်းပနိုင်ရေး အတွက် ဖွဲ့စည်းထားသည့် လုပ်ငန်းကော်မတီများအလိုက် ဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနား ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်နယ်လူမှုရေးဝန်ကြီး ဦးအောင်မြင့်နှင့် ကော်မတီအတွင်း ရေးမှူး ပြည်နယ် အတွင်းရေးမှူး ဦးစိုင်းသော်ဝင်းတို့က ဆွေးနွေးတင်ပြကြသည်။ ဆွေးနွေးတင်ပြချက်အပေါ် ပြည်နယ်ဝန်ကြီးချုပ်ဒေါက်တာကျော်ထွန်းက လိုအပ်သည်များဖြည့်စွက်ပြောကြားကာ နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## မူဆယ်နှင့် ချင်းရွှေဟော်နယ်စပ်ဒေသ ကုန်သွယ်မှုစစ်ဆေးရေးစခန်းများတွင် မြန်မာအလိုအလျောက်ကုန်စည်ရှင်းလင်းရေးစနစ် ဧပြီ ၁ ရက်မှ စတင်ဆောင်ရွက်

နေပြည်တော် မေ ၁၁

မူဆယ်နှင့် ချင်းရွှေဟော်နယ်စပ်ဒေသ ကုန်သွယ်မှုလမ်းကြောင်း တစ်လျှောက်ရှိ စစ်ဆေးရေးစခန်းများတွင် မြန်မာအလိုအလျောက်ကုန်စည် ရှင်းလင်းရေးစနစ်ကို ဧပြီ ၁ ရက်မှ စတင်ဆောင်ရွက်လျက်ရှိကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

အကောက်ခွန်ရှင်းလင်းရေး လုပ်ငန်းစဉ်များကို ဆောင်ရွက်ရာတွင် စာရွက် စာတမ်းအခြေခံသည့် Manual စနစ်သည် အချိန်ကြန့်ကြာခြင်း၊ ကုန်ကျစရိတ် များပြားခြင်း၊ ကုန်သွယ်မှုကိန်းဂဏန်းများ ယေဘုယျအားဖြင့် တိကျမှန်ကန်စွာရရှိနိုင်မှု ထိခိုက်စေနိုင်ခြင်းနှင့် ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် အဟန့်အတားဖြစ်ပေါ်စေနိုင်ခြင်းတို့ကြောင့် မြန်မာအလိုအလျောက် ကုန်စည်ရှင်းလင်းရေးစနစ် (Myanmar Automated Cargo Clearance System–MACCS) ကို ပြောင်းလဲကျင့်သုံးခဲ့ခြင်း ဖြစ်သည်။

မြန်မာ အလိုအလျောက်ကုန်စည်ရှင်းလင်းရေးစနစ်(Myanmar Automated Cargo Clearance System–MACCS) ကို သွင်းကုန်/ထုတ်ကုန်ရှင်းလင်းရေး လုပ်ငန်းစဉ်များ ပိုမိုသွက်လက်မှန်ကန်မြန်ဆန်စေရန်၊ နိုင်ငံတကာ အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြစ်စေရန်၊ အချိန်၊ ငွေကြေးသုံးစွဲရမှုများ လျော့ကျလာစေပြီး ကြိုတင်မျှော်မှန်းဆောင်ရွက်လာနိုင်စေရန်၊ နိုင်ငံတကာစံလုပ်ထုံး တစ်ခုဖြစ်သည့် Risk Management စနစ်ကို နည်းလမ်းတကျ အသုံးပြုနိုင်ရန်ဟူသည့် ရည်မှန်းချက်များဖြင့် ၂၀၁၆ ခုနှစ် နိုဝင်ဘာလက ရန်ကုန်နှင့် သီလဝါဒေသယာတွင် စတင်အသုံးပြုခဲ့ခြင်းဖြစ်သည်။ စနစ်ကို အကောင်အထည် ဖော်ရာတွင် ဂျပန်နိုင်ငံအစိုးရ၏ အကူအညီဖြင့် ဂျပန်နိုင်ငံတွင် အသုံးပြုလျက်ရှိသည့် Nippon Automated Cargo Clearance and Port Consolidated System – NACCS ကို အခြေခံကာ မြန်မာနိုင်ငံ၏ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် လျော်ညီအောင်ရေးဆွဲခဲ့ခြင်းဖြစ်သည်။

MACCS စနစ်ကို ရန်ကုန်နှင့် သီလဝါဒေသယာတွင် အောင်မြင်စွာ အသုံးပြုနိုင်ခဲ့ပြီး နယ်စပ်ဒေသဖြစ်သည့် မြဝတီနယ်စပ်ဒေသတွင် ၂၀၁၈ ခုနှစ် ဇွန်လအတွင်းက စတင်အသုံးပြုဆောင်ရွက်နိုင်ခဲ့ကာ ယခုအခါ မူဆယ်နှင့် ချင်းရွှေဟော်နယ်စပ်ဒေသ ကုန်သွယ်မှုလမ်းကြောင်းကို တိုးချဲ့ဆောင်ရွက်ခြင်းဖြစ်သည်။

MACCS စနစ်နှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို MACCS ၏ website ဖြစ်သည့် www.maccs.gov.mm တွင် အသေးစိတ်ဖော်ပြထားသည်။ ရှိန်း

## လင်းခေး၌ မိုးရာသီအကြိုစုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပ

လင်းခေး မေ ၁၁

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးမြို့နယ် သစ်တောဦးစီးဌာနက ကြီးမှူး၍ မိုးရာသီအကြိုစုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်ကို ယနေ့နံနက် ၈နာရီခွဲက ပုန်းထွန်ကျေးရွာအုပ်စုရှိ တပ်နယ်စိုက်ကွင်းတစ်ခု၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါစိုက်ပျိုးပွဲတော်မကျင်းပမီ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ လင်းခေးခရိုင်အုပ်ချုပ်ရေးမှူး ဦးနေဝင်း၊ တပ်နယ်မှူးဗိုလ်မှူးကြီး သန့်ထင်စိုး၊ခရိုင်သစ်တောဦးစီးဌာနမှူး ဦးအမ်ခေါစော၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြို့ဆောင်နှင့် မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးအောင်မိုးတို့က ဌာနဆိုင်ရာများ၊ လူမှုရေးနှင့်ပရဟိတအသင်းအဖွဲ့ဝင်များထံသို့ ပျိုးပင်များ ပေးအပ်ကြသည်။



ယင်းနောက် တက်ရောက်လာကြသူများက စုပေါင်းသစ်ပင်စိုက်ပျိုးကြသည်။ ဆက်လက်၍ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ တပ်နယ်မှူးနှင့် တာဝန်ရှိသူတို့က စုပေါင်းစိုက်ပျိုးနေမှုအခြေအနေကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယနေ့စိုက်ပျိုးခဲ့ကြသောပျိုးပင်များမှာ မာတာကွတ်(ခေါ်) ငှက်သကြားပင် ၁၂၀၊ ကျွန်းပင် ၆၀၊ ပေါက်ပန်းဖြူပင် ၁၂၀၊ စိန်ပန်း ၁၂၀၊ ပိန္နဲပင် ၆၀ နှင့် ကုက္ကိုလ်ပျိုးပင် ၁၂၀ စုစုပေါင်း သစ်ပင် ၆၀၀ ကို စုပေါင်းစိုက်ပျိုးကြသည်။

စိုက်ပျိုးပွဲတော်သို့ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဝန်ထမ်းများ၊ လူမှုရေးနှင့် လူမှုကူညီရေးပရဟိတအသင်းအဖွဲ့ဝင်များ၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူလူထုအင်အားစုစုပေါင်း ၂၂၃ ဦး တက်ရောက်ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ပန်းရောင်စုံလွှမ်း ပန်းခင်းလမ်းသို့

❖ သူငယ်ချင်း
မင်းနဲ့ငါကြား၊ အမြင်များလို့
စကားနှုတ်လုံ၊ အဖန်ဖန်နှင့်
ခိုက်ရန်ဒေါသ၊ ဖြစ်ခဲ့ရသည့်
ကာလတွေက ကြာလှပေါ့။

❖ ကာလကြာညောင်း၊ ရန်ဖြစ်ကောင်းလို့
ထောင်းလမောင်းကြေ၊ ဒုက္ခပွေခဲ့
သေကျေပျက်စီး၊ အချည်းနှီးနှင့်
ခရီးမဆန့်၊ ခရီးတန့်ကာ
ကြန့်ကြာနေတာ ကြာလှပေါ့။

❖ သည်အတိုင်းသာ၊ ဖြစ်နေပါက
စည်သာငြိမ်းရေး၊ ဝေးပြီးဝေးလို့
မအေးမချမ်း၊ နေလောင်ပန်းနယ်
မလန်းမမွှေး ရှိရောမယ်။

❖ မအေးမချမ်း၊ ခရီးလမ်းက
ကြမ်းတမ်းဗုထစ်၊ မပြေပြစ်ဘူး
အဖြစ်ဆိုးတွေ၊ ဗရပွေနှင့်
ကြေကွဲစရာ၊ အခါခါမို့
ရင်နာရတယ် သူငယ်ချင်း။

❖ သည်အဖြစ်မျိုး၊ အမွေဆိုးကို
မျိုးဆက်တွေထံ၊ မအပ်နှံဘဲ
နက်ဖြန်အရေး၊ ရေရှည်တွေးပြီး
မွှေးမွှေးလန်းလန်း၊ ဘေးမသန်းသည့်
ပန်းရောင်စုံလွှမ်း၊ ပန်းခင်းလမ်းကို
လျှောက်လှမ်းကြစို့ သူငယ်ချင်း။ ။

ရေနံ့သာမောင်ကျော်ညွန့်

# ရန်ကုန်မြို့တော်ဝန် မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ရန်ကုန် မေ ၁၁**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန်ဦးဗိုလ်ဌေးသည် အတွင်းရေးမှူး ဦးညွန့်ဖေ၊ ကော်မတီဝင်များနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။



**ကွင်းဆင်းစစ်ဆေး**

ရှေးဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့သည် ဈေးများနှင့် ကုန်စည်ပွဲရုံများဌာနနှင့် ဆန်းမြတ်ထွန်းကုမ္ပဏီတို့ ပူးပေါင်း၍ တာဝန်ယူဆောင်ရွက်နေသော မင်္ဂလာဈေး ပြန်လည်တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်၍ လုပ်ငန်းပြီးစီးမှုအခြေအနေများကို မြေပြင် ကွင်းဆင်းစစ်ဆေးသည်။

ယင်းနောက် ကုမ္ပဏီမှတာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများ တင်ပြမှုအပေါ် မြို့တော်ဝန်က လုပ်ငန်းအား သတ်မှတ်ချိန်ကာလအတွင်း စံချိန်စံညွှန်းကိုက်ညီစွာဖြင့် ပြီးစီးအောင် ဆောင်ရွက်ရေး၊ ဆိုင်ခန်းဖွဲ့စည်းနေရာချထားမှုများ အဆင်ပြေချောမွေ့စေရေးတို့ကိုမှာကြားပြီး လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယခု ပြန်လည်တည်ဆောက်နေသော ဈေးသည် မြေပေါ်အမြင့်ပေ ၂၂၃ ရှိ မြေအောက်နှစ်ထပ်၊ မြေပေါ် ၁၅ ထပ် RC ကွန်ကရစ် အဆောက်အအုံဖြစ်ပြီး ဘဏ်များ၊ City Mart ၊ ဆိုင်ခန်းများ၊ ရုံးခန်းများနှင့် ယာဉ်ရပ်နားရန်နေရာများ ပါဝင်မည်ဖြစ်ပြီး ငါးထပ်အထိ တည်ဆောက်မည့် စီမံကိန်း ပထမပိုင်းကို အောက်တိုဘာလတွင်လည်းကောင်း၊ ကျန်လုပ်ငန်းများဖြစ်သည့် စီမံကိန်း ဒုတိယပိုင်းကို ၂၀၂၃ ခုနှစ် ဧပြီလတွင် လည်းကောင်း ပြီးစီးရန် ရည်မှန်းဆောင်ရွက်လျက်ရှိရာ ယခုအထိ ၄၆ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် ဗဟန်းမြို့နယ် ကန်တော်ကြီးသဘာဝဥယျာဉ်၊ ကန်ရေပြင်အတွင်း Aquamarine ယာဉ်ဖြင့် ရေညှိနှင့်မှော်များ ဆယ်ယူရှင်းလင်းနေမှု၊ မန်ကျည်းတန်းမြောင်းအတွင်း နုန်းစုကန်တည်ဆောက်နေမှုနှင့် မြောင်းအတွင်း အမှိုက်နှင့်နုန်းများ ဆယ်ယူရှင်းလင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

သတင်းစဉ်




## “ငွေတိမ်ယံ အငြိမ့်” ဖျော်ဖြေပွဲကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ ပြသမည်

**နေပြည်တော် မေ ၁၁**

ပြည်သူများ အပန်းပြေစေရန်၊ ပျော်ရွှင်စေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဖျော်ဖြေရေးအစီအစဉ်များကို တိုးမြှင့်တင်ဆက်လျက်ရှိရာ “ငွေတိမ်ယံ အငြိမ့်” ဖျော်ဖြေပွဲကို မေ ၁၄ ရက် (စနေနေ့) ည ၈ နာရီ သတင်းအပြီးတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV–HD Channel မှ ထုတ်လွှင့်ပြသမည်ဖြစ်သည်။

**ဖျော်ဖြေတင်ဆက်ကြမည်**

ယင်းဖျော်ဖြေမှုကို လုံမေပျိုကစီစဉ်ပြီး မြန်မာ့အသံဆိုင်းဝိုင်းကြီးအဖွဲ့၏ တီးခတ်မှုနှင့်အတူ ခေါင်းဆောင်မင်းသမီး ဇင်ယော်မေ၊ ရှေ့ထွက်မင်းသမီး မေဇူလိုင်ဦး၊ လူရွှင်တော်များဖြစ်ကြသည့် ပေါ်ဦး၊ မိုးပွင့်၊ ပေါ်လာနှင့် ရွှေကျီးတို့က ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

ထိုသို့ တင်ဆက်မှုကို မေ ၁၅ ရက် (တနင်္ဂနွေနေ့) မွန်းလွဲပိုင်း National News အင်္ဂလိပ်ဘာသာ သတင်းအစီအစဉ်အပြီးတွင် ဒုတိယအကြိမ် ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## သာယာဝတီမြို့၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**သာယာဝတီ မေ ၁၁**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ကျန်းမာရေးပညာပေးခြင်း၊ ပိုးလောက်လမ်းစစ်ဆေးခြင်း၊ အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများကို ယနေ့နံနက်ပိုင်းတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ ကွင်းဆင်းဆောင်ရွက်ကြသည်။

**ဆက်လက်ဆောင်ရွက်သွားမည်**

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရပ်ကွက်/ ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်းအဖွဲ့များက ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြပြီး အပတ်စဉ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သာယာဝတီမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

ခရိုင်(ပြန်/ဆက်)

**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

## “စေလိုရာစေ” တေးဂီတဖျော်ဖြေပွဲ မြန်မာ့ရုပ်မြင်သံကြား၌ ပြသမည်

**နေပြည်တော် မေ ၁၁**




ပြည်သူများ အပန်းပြေစေရန်၊ ပျော်ရွှင်စေရန်နှင့် စိတ်ခွန်အားသစ်များရရှိနိုင်ရန်အတွက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဖျော်ဖြေရေးအစီအစဉ်များကို တိုးမြှင့်တင်ဆက်လျက်ရှိရာ “စေလိုရာစေ” တေးဂီတဖျော်ဖြေပွဲကို မေ ၁၃ ရက် (သောကြာနေ့) ည ၈ နာရီ သတင်းအပြီးတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV–HD Channel မှ ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ယင်းအစီအစဉ်ကို စန္ဒရားကွန်းဇော် တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ တေးသံရှင်များဖြစ်ကြသည့် တက္ကသိုလ်လဲ့လဲ့၊ နေဇင်အောင်၊ အိအိချွန်၊ ဘုန်းသစ်၊ ဂျင်းနီ၊ စျာန်ထူး၊ ဝင်းလဲ့ချယ်ရီ၊ အိဟေမာန်၊ စိမ်းမို့မို့နှင့် ဆုနှင်းဆီတို့က ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

ထိုသို့ တင်ဆက်မှုကို မေ ၁၅ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင် ဒုတိယအကြိမ် ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် လူရွှင်တော်အသင်းနှင့် ကိုလူချောအဖွဲ့တို့မှ မိသားစုများ ပါဝင်ယှဉ်ပြိုင်မည်

**နေပြည်တော် မေ ၁၁**

သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် (Family Quiz) ပွဲစဉ် (၆၅) ကို မေ ၁၃ ရက်တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV–HD Channel မှ ဆက်လက်ထုတ်လွှင့်မည်ဖြစ်သည်။




**ထုတ်လွှင့်ပြသသွားမည်**

အဆိုပါ ကိုဗစ်-၁၉ ဆိုင်ရာ အသိပညာပေးအစီအစဉ်ကို အစီအစဉ်တင်ဆက်သူ စိုးသီဟနှင့် ဂျေနေသတို့က တင်ဆက်ကြမည်ဖြစ်ပြီး လူရွှင်တော်အသင်းနှင့် ကိုလူချောတို့အဖွဲ့မှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို မေ ၁၃ ၊ ၁၄ နှင့် ၁၅ ရက်များတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV–HD မှ ညနေ ၆ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသသွားမည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ကိုဗစ်-၁၉ ရောဂါ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှတင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မေ ၁၁**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ကုမ္ပဏီတစ်ခု၊ ယာဉ်စီးရေတစ်စီးဖြင့် နှာခေါင်းစည်း ရှစ်တန် တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် www.commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားပါကြောင်း သိရသည်။

သတင်းစဉ်

# ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီ

ပိုက်တင်

ဒီမိုကရေစီထွန်းကားလျှင် ငြိမ်းချမ်းရေးလည်း ဖြစ်တည်နိုင်သည်။ သို့သော် ငြိမ်းချမ်းရေးမရရှိဘဲ ဒီမိုကရေစီကို ခိုင်မာတောင့်တင်းစေရန် တည်ဆောက်ရေးသည်လည်း စိန်ခေါ်မှုအလွန်ကြီးမားသည့်အလုပ် ဖြစ်ပေသည်။ ငြိမ်းချမ်းရေးကို လိုလားကြသူများသည် ဒီမိုကရေစီကို တည်ဆောက်လိုသူများ ဖြစ်ကြမည်မှာ မုချဖြစ်ပြီး ဒီမိုကရေစီကို လိုလားသူများသည်လည်း ငြိမ်းချမ်းရေးကို တည်ဆောက်လိုသူများဖြစ်မည်မှာ အမှန်ဖြစ်ပေလိမ့်မည်။ ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေး၊ ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီသည် ခွဲခြား၍မရနိုင်သောအရာများဖြစ်သည်ဟုလည်း ဆိုနိုင်သည်။

**အမှန်တကယ်လိုလားခြင်းဖြစ်ပါရဲ့လား**

သို့ဆိုလျှင် ဒီမိုကရေစီကို မလိုလားခြင်းက ငြိမ်းချမ်းရေးကို မလိုလားခြင်းလည်းဖြစ်သလို ငြိမ်းချမ်းရေးကို မလိုလားခြင်းကလည်း ဒီမိုကရေစီကို မလိုလားခြင်းဖြစ်သည်ဟု ကောက်ချက်ဆွဲနိုင်ပေသည်။ ငြိမ်းချမ်းရေးကို လိုလားပါသည် ဆိုသူတိုင်းသည် အမှန်တကယ်လိုလားသူများဖြစ်ပါရဲ့လား၊ ဒီမိုကရေစီကို လိုလားပါသည်ဆိုသူတိုင်းကရော အမှန်တကယ်လိုလားခြင်းဖြစ်ပါရဲ့လား စသည်ဖြင့် မေးခွန်းထုတ်ကြည့်ရန်လည်း လိုအပ်ပေသည်။ အကြောင်းမူကား ဒီမိုကရေစီကိုလိုလားကြောင်း၊ ငြိမ်းချမ်းရေးကို လိုလားကြောင်း နှုတ်မှတက်ကြွစွာ ပြောဆိုနေကြသူများထဲမှသည် နဖူးတွေ့ဒူးတွေ့ ငြိမ်းချမ်းရေးကိုယုတ္တိယုတ္တာကင်းမဲ့သော အကျိုးအကြောင်းမဆီလျော်သော အကြောင်းပြချက်များဖြင့် ရှောင်လွှဲလိုကြကြောင်း မြင်တွေ့နေကြရသောကြောင့်ပေတည်း။ ထို့အပြင် ဒီမိုကရေစီကိုလိုလားကြောင်း၊ ဒီမိုကရေစီအတွက် အားသွန်ခွန်စိုက် လုပ်ကိုင်ဆောင်ရွက်နေကြောင်း နှုတ်က ကျယ်ကျယ်လောင်လောင် ပြောဆိုနေကြသော်လည်း လက်တွေ့အားဖြင့်မူ ဒီမိုကရေစီနှင့် လုံးဝဆီလျော်မှုမရှိသော၊ အပ်စပ်မှုမရှိသော လုပ်ရပ်များ၊ ဒီမိုကရေစီနှင့် ပြဒါးတစ်လမ်းသံတစ်လမ်း ဆန့်ကျင်နေသော လုပ်ရပ်များကို လုပ်ကိုင်ဆောင်ရွက်နေကြကြောင်း အထင်အရှား မြင်တွေ့နေကြရသောကြောင့်လည်း ဖြစ်ပေသည်။

ငြိမ်းချမ်းရေးကို နှစ်နှစ်ကာကာ လိုလားကြမှ၊ တက်တက်ကြွကြွ တည်ဆောက်လိုစိတ်ရှိကြမှ၊ ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်ကြမှ၊ ရိုးရိုးသားသား ကြိုးစားတည်ဆောက်ကြမှ ငြိမ်းချမ်းရေးသည် လက်တွေ့ဖြစ်တည်လာနိုင်မည်ဖြစ်သလို ရေရှည်လည်း တည်တံ့ခိုင်မြဲနိုင်လိမ့်မည်ဖြစ်သည်။ ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်လျှင် ဒီမိုကရေစီထွန်းကားရေးသည်လည်း ကျွဲကူးရေပါဖြစ်ထွန်းလာမည် မုချတည်း။ ဆိုလိုသည်မှာ ငြိမ်းချမ်းရေး ရရှိရန် လုပ်ငန်းဆောင်တာများနှင့် ဒီမိုကရေစီ ထွန်းကားရှင်သန်ရေး လုပ်ငန်းဆောင်တာများသည် သီးခြားစီလုပ်ကိုင်ရမည့် ကိစ္စရပ်များလုံးဝမဟုတ်ဘဲ တစ်ပြိုင်နက်တည်း ကြိုးစားအကောင်အထည်ဖော်လုပ်ကိုင်ကြရမည့် လုပ်ငန်းဆောင်တာများ ဖြစ်ပေ၏။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဖော်ဆောင်ရင်း တစ်ဖက်တွင် ဒီမိုကရေစီ ပိုမိုပီပြင်ခိုင်မာရေးလုပ်ငန်းများကိုလည်း တစ်ပြိုင်နက်တည်း လုပ်ကိုင်ဆောင်ရွက်ကြရန် ဖြစ်သည်။

မြန်မာနိုင်ငံ၏ ပကတိအခြေအနေပေါ်မူတည်လျက် ရလဒ်ကောင်းများထွက်ပေါ်စေလိုလျှင် ငြိမ်းချမ်းရေး လုံးလုံးတည်ဆောက်ပြီးမှ ဒီမိုကရေစီကို တည်ဆောက်ရန်မဖြစ်နိုင်သလို ဒီမိုကရေစီကို တည်ဆောက်ပြီးမှ ငြိမ်းချမ်းရေးကိုတည်ဆောက်ရန်လည်း သာ၍မဖြစ်နိုင်ကြောင်း နားလည်သဘောပေါက်ကြရန် ဖြစ်သည်။ တိုင်းပြည်တည်တည်ငြိမ်ငြိမ်ဖြင့် ဖွံ့ဖြိုးတိုးတက်လာပြီး နိုင်ငံသားများဘဝ သာယာဝပြောစေရေး လက်တွေ့စိတ်စေတနာရှိကြသည်မှန်လျှင် ဒီမိုကရေစီအရေးကိုလည်းကောင်း၊ ငြိမ်းချမ်းရေးကိုလည်းကောင်း လက်တွေ့ဖော်ဆောင်ကြရမည်ဖြစ်သည်။ လက်တွေ့မကျသော အကြောင်းပြချက်များဖြင့် ငြင်းဆန်ခြင်း၊ ကန့်လန့်တိုက်ခြင်း၊ ဖျက်လိုဖျက်ဆီးလုပ်ခြင်း စသည်တို့သည် တိုင်းပြည်အပေါ်တွင်လည်းကောင်း၊ နိုင်ငံသားများအပေါ်တွင်လည်းကောင်း ရိုးသားဖြောင့်မတ်မှုမရှိခြင်းသာ ဖြစ်ပေလိမ့်မည်။ ရှေးယခင်ခေတ်အခါများနှင့် လုံးဝမတူခြားနားသော အခြေအနေကောင်းများသည် အမှန်တကယ် လက်တွေ့ဖြစ်ထွန်းတည်ရှိနေသည် ဖြစ်လျက် ငြိမ်းချမ်းရေးအတွက်လည်းကောင်း၊ ဒီမိုကရေစီရေးအတွက်လည်းကောင်း ထိထိရောက်ရောက် လုပ်ကိုင်နိုင်ကြပြီ ဖြစ်သည်။ ညှိနှိုင်းတိုင်ပင် ဆွေးနွေးအဖြေရှာနိုင်ကြပြီဖြစ်သည်။ မတူညီမှုအချို့ကို ဘေးခဏဖယ်ထားပြီး တူညီမှုများစွာကို အတူတကွ ပူးပေါင်းဆောင်ရွက် အကောင်အထည်ဖော်ရင်း ငြိမ်းချမ်းရေးသည် တဖြည်းဖြည်းချင်း တိုးတက်ခိုင်မာလာစေရန်လည်းကောင်း၊ ဒီမိုကရေစီသည် တဖြည်းဖြည်း ပီပြင်ပြည့်ဝလာစေရန်လည်းကောင်း အားလုံးအတူတကွ ပူးပေါင်းတည်ဆောက်နိုင်ကြပြီဖြစ်သည်။ နိုင်ငံသည် ငြိမ်းချမ်းရေးရရှိလျက် ဒီမိုကရေစီစနစ်ကို ကျင့်သုံးလျက် တဖြည်းဖြည်းချင်း တိုးတက်ဖွံ့ဖြိုးတိုးတက်လာပြီး နိုင်ငံသားတို့၏ လူမှုဘဝများသည် တဖြည်းဖြည်း တိုးတက်မြင့်မားလာနိုင်ရေး လက်တွေ့တည်ဆောက်ကြရန် ဆန္ဒရှိလျှင် တဖြည်းဖြည်း ဖြစ်ထွန်းလာနိုင်သည့် အကြောင်းတရားများက အမှန်တကယ်ရှိနေပြီ ဖြစ်၏။

> **တိုင်းပြည်တည်တည်ငြိမ်ငြိမ်ဖြင့် ဖွံ့ဖြိုးတိုးတက်လာပြီး နိုင်ငံသားများဘဝ သာယာဝပြောစေရေး လက်တွေ့စိတ်စေတနာရှိကြသည်မှန်လျှင် ဒီမိုကရေစီအရေးကိုလည်းကောင်း၊ ငြိမ်းချမ်းရေးကိုလည်းကောင်း လက်တွေ့ဖော်ဆောင်ကြရမည်ဖြစ်သည်။ လက်တွေ့မကျသော အကြောင်းပြချက်များဖြင့် ငြင်းဆန်ခြင်း၊ ကန့်လန့်တိုက်ခြင်း၊ ဖျက်လိုဖျက်ဆီးလုပ်ခြင်း စသည်တို့သည် တိုင်းပြည်အပေါ်တွင်လည်းကောင်း၊ နိုင်ငံသားများအပေါ်တွင်လည်းကောင်း ရိုးသားဖြောင့်မတ်မှုမရှိခြင်းသာ ဖြစ်ပေလိမ့်မည်**

**ကူညီလမ်းပြ ဦးဆောင်ပံ့ပိုး**

ဒီမိုကရေစီ ဖြစ်ထွန်းစေလိုသည်မှန်လျှင် ဒီမိုကရေစီအတွက် လုပ်ကိုင်ဆောင်ရွက်နေသူများက ဒီမိုကရေစီ စိတ်ဓာတ်၊ ဒီမိုကရေစီ အကျင့်စရိုက်တို့ကို မွေးဖွားရန်၊ ပြုစုပျိုးထောင်ရန်၊ နှလုံးသွင်းရန် မဖြစ်မနေလိုအပ်သလို နိုင်ငံသားများအားလုံးအနေဖြင့်လည်း ဒီမိုကရေစီ စိတ်ဓာတ်၊ ဒီမိုကရေစီ အကျင့်စရိုက်ကို နှလုံးသွင်းနိုင်ကြရန် ကူညီလမ်းပြ ဦးဆောင်ပံ့ပိုးကြရမည်ဖြစ်သည်။ ဒီမိုကရေစီ ဖော်ဆောင်သူများက ဒီမိုကရေစီ စိတ်ဓာတ်၊ ဒီမိုကရေစီ အကျင့် မရှိကြရုံမက နိုင်ငံရေးအလုပ်နှင့် မသက်ဆိုင်သော ရိုးသားကြသူ နိုင်ငံသားများကိုလည်း ဒီမိုကရေစီနှင့် ဆန့်ကျင်သော စိတ်ဓာတ်များ၊ ဒီမိုကရေစီနှင့် မအပ်စပ်သော အကျင့်စရိုက်များဖြင့် လမ်းမှားရောက်ကြစေရေး အားကြိုးမာန်တက်ဆောင်ရွက်နေကြလျှင်ကား ဒီမိုကရေစီဖြစ်ထွန်းနိုင်ရေးကို အသာထား၊ တိုင်းပြည် ယိုယွင်းပျက်စီးသည့်အခြေမဆိုက်လျှင် ကံကောင်းဟုဆိုရမည် ဖြစ်သည်။

ငြိမ်းချမ်းရေးကိစ္စသည်လည်း ထိုနည်းလည်းကောင်းတည်း။ ငြိမ်းချမ်းရေးကိုဖော်ဆောင်ရန် တာဝန်ရှိသူများကိုယ်တိုင်က ငြိမ်းချမ်းရေးစိတ်ဓာတ်ကို မွေးမြူဖို့နေနေသာသာ နိုင်ငံသားများ၏ အကျိုးစီးပွားကို ငဲ့ကွက်ခြင်းမရှိရုံမက နိုင်ငံသားများ အချင်းချင်း စိတ်ဝမ်းကွဲစေရေး ဦးတည်လုပ်ကိုင်နေကြမည်ဆိုလျှင် ငြိမ်းချမ်းရေးနှင့် ဝေးသည်ထက်ဝေးပြီး တိုင်းပြည်ယိုယွင်းပျက်စီးသည်အထိ ဖြစ်နိုင်ကြောင်း သတိပြုကြရန်သင့်ပေ၏။

နိုင်ငံသားများအားလုံး စည်းလုံးညီညွတ်ကြမှသာ၊ တစ်ဦးနှင့်တစ်ဦး ချစ်ခင်လေးစားတန်ဖိုးထားကြမှသာ နိုင်ငံတည်ဆောက်ရေးကို ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ကြမည် ဖြစ်သည်။ ငြိမ်းချမ်းရေးရရှိရန် ရည်မှန်းနိုင်ကြမည် ဖြစ်သည်။ ဒီမိုကရေစီသည် တဖြည်းဖြည်း ပိုမိုပီပြင်လာလျှင် နိုင်ငံသာယာဝပြော တည်ငြိမ်အေးချမ်းလျက် နိုင်ငံသားတို့၏ လူမှုဘဝများ တိုးတက်ကောင်းမွန်လာနိုင်မည် ဖြစ်သည်။ အနာဂတ်မျိုးဆက်များအတွက် ကောင်းမွန်သော အခြေအနေများကို ဖန်တီးလျက် လက်ဆင့်ကမ်းပေးခဲ့နိုင်မည်ဖြစ်သည်။

**ငြိမ်းချမ်းရေးအတွက် ဒီမိုကရေစီရေးအတွက် အားသွန်ခွန်စိုက် ကြိုးစားလုပ်ကိုင်**

ငြိမ်းချမ်းရေးကိုဖော်ဆောင်ရန် တာဝန်ရှိသူများ၊ ဒီမိုကရေစီကိုဖော်ဆောင်ရန် တာဝန်ရှိသူများ မိမိတို့ကိုယ်မိမိတို့ ခံယူထားကြသည်မှန်လျှင် နိုင်ငံသားများ၏ အကျိုးစီးပွား၊ တိုင်းပြည်အကျိုးစီးပွားကို ရှေ့တန်းတင် စဉ်းစားတွေးခေါ်နိုင်ရမည်၊ ဦးစားပေးလုပ်ကိုင်ဆောင်ရွက်နိုင်ရမည် ဖြစ်သည်။ မိမိအတ္တနှင့် ကိုယ်ကျိုးစီးပွားကို ဒုတိယနေရာ အနည်းဆုံးထားနိုင်ကြရမည်၊ တတ်နိုင်လျှင် ကိုယ်ကျိုးစွန့် အနစ်နာခံနိုင်ကြရမည် ဖြစ်သည်။ အတ္တရှေ့တန်းတင် ကိုယ်ကျိုးစီးပွားအတွက် လုပ်ကိုင်ရင်းဖြင့် ငြိမ်းချမ်းရေးကိုလိုလားကြောင်း၊ ဒီမိုကရေစီထွန်းကားစေလိုကြောင်း ပြောဆိုနေရုံဖြင့် မရပါ။ ကိုယ်ကျိုးစီးပွားသက်သက်ကို လုပ်ကိုင်လိုလျှင်လည်း မိမိတို့ ရွေးချယ်မှုသာဖြစ်သောကြောင့် လုပ်ကိုင်ခွင့်ရှိသည်။ သို့သော် ငြိမ်းချမ်းရေးအတွက် ဆောင်ရွက်နေကြောင်း ဒီမိုကရေစီရေးအတွက် ကြိုးစားနေကြောင်း အသံကောင်းဟစ်ရန် မသင့်ပေ။ ငြိမ်းချမ်းရေးအတွက် ဒီမိုကရေစီရေးအတွက် လက်တွေ့ကျကျ အားသွန်ခွန်စိုက် ကြိုးစားလုပ်ကိုင်ဆောင်ရွက်လိုသူများကို နေရာပေးလိုက်ကြဖို့ ဖြစ်၏။

လက်တွေ့ငြိမ်းချမ်းရေးနှင့် လက်တွေ့ဒီမိုကရေစီရေးကို လက်တွေ့ကျကျ လုပ်ကိုင်ဆောင်ရွက်နိုင်ကြမှသာလျှင် လက်တွေ့ငြိမ်းချမ်းရေးရနိုင်မည် ဖြစ်သည်။ လက်တွေ့ဒီမိုကရေစီ ဖြစ်ထွန်းနိုင်မည်ဖြစ်သည်။ လက်တွေ့မကျသော ငြိမ်းချမ်းရေး ပျက်စီးရာပျက်စီးကြောင်း၊ ဒီမိုကရေစီ ဆုတ်ယုတ်ရာ ဆုတ်ယုတ်ကြောင်းကို အပျက်စိတ်၊ အဆိုးမြင်စိတ်၊ ရန်လိုစိတ်တို့ဖြင့် ဆောင်ရွက်နေ၍ မဖြစ်နိုင်ပါ။ အကျိုးဆိုင်သူအားလုံးသည် သဘောထားကြီးကြီးထားလျက် မိမိတို့စိတ်ခံစားချက် အတ္တအခြေခံသော ထင်မြင်ယူဆချက်များကို ဘေးချိတ်ထားပြီး တစ်ဦးကိုတစ်ဦး၊ တစ်ဖွဲ့ကို တစ်ဖွဲ့ နားလည်မှုရှိရှိ အပြုသဘောဖြင့် ထိတွေ့ဆက်ဆံနိုင်ရန် ကြိုးပမ်းကြလျှင် ငြိမ်းချမ်းရေး လမ်းစပေါ်သို့ ရောက်ရှိနိုင်ပါလိမ့်မည်။ ညှိနှိုင်းအဖြေရှာ ပူးပေါင်းဆောင်ရွက်ခြင်းမှတစ်ဆင့် နားလည်မှု၊ ယုံကြည်မှုများကို တစ်ဆင့်ချင်း တည်ဆောက်နိုင်ကြပါက ထာဝရငြိမ်းချမ်းရေးကိုလည်းကောင်း၊ အားကောင်းပြည့်ဝသော ဒီမိုကရေစီကိုလည်းကောင်း အမှန်တကယ် တည်ဆောက်အကောင်အထည်ဖော်နိုင်ကြမည်ဖြစ်ပြီး နိုင်ငံတော်နှင့် နိုင်ငံသားတို့ ထာဝရကောင်းကျိုးချမ်းသာများဖြင့် ပြည့်စုံကုံလုံနိုင်ကြမည်ဖြစ်ပါကြောင်း အားလုံးကို လေးစားချစ်ခင်စွာဖြင့် တင်ပြအပ်ပေသည်။ ။

> **အကျိုးဆိုင်သူအားလုံးသည် သဘောထားကြီးကြီးထားလျက် မိမိတို့စိတ်ခံစားချက် အတ္တအခြေခံသော ထင်မြင်ယူဆချက်များကို ဘေးချိတ်ထားပြီး တစ်ဦးကိုတစ်ဦး၊ တစ်ဖွဲ့ကိုတစ်ဖွဲ့ နားလည်မှုရှိရှိ အပြုသဘောဖြင့် ထိတွေ့ဆက်ဆံနိုင်ရန် ကြိုးပမ်းကြလျှင် ငြိမ်းချမ်းရေးလမ်းစပေါ်သို့ ရောက်ရှိနိုင်ပါလိမ့်မည်။ ညှိနှိုင်းအဖြေရှာ ပူးပေါင်းဆောင်ရွက်ခြင်းမှတစ်ဆင့် နားလည်မှု၊ ယုံကြည်မှုများကို တစ်ဆင့်ချင်း တည်ဆောက်နိုင်ကြပါက ထာဝရငြိမ်းချမ်းရေးကို လည်းကောင်း၊ အားကောင်းပြည့်ဝသော ဒီမိုကရေစီကိုလည်းကောင်း အမှန်တကယ် တည်ဆောက်အကောင်အထည်ဖော်နိုင်ကြမည်**

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၆ ဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၁၈ ရာခိုင်နှုန်းရှိ

## ကိုဗစ် - ၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၁-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေး လုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် **ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန်** လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၀-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၁-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၁၀၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၆) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၁၈) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၀၄၉,၈၅၅) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၁၃,၀၈၂) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၄) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၅၉၂,၀၀၁) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၁၀-၅-၂၀၂၂) ရက်နေ့အထိ လူဦးရေစုစုပေါင်း (၃၀,၉၉၄,၃၇၅) ဦးအား ထိုးနှံပေးပြီးဖြစ်၍ ပထမအကြိမ်ထိုးနှံပြီးစီးသူ (၆,၆၆၄,၅၁၃) ဦး၊ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးစီးသူ (၂၄,၃၂၉,၈၆၂) ဦးနှင့် ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပြီးစီးသူ (၁,၆၆၅,၅၆၉) ဦး ရှိပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (၁၀-၅-၂၀၂၂) ရက်နေ့အထိ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ရေစုစုပေါင်း (၅၆,၉၈၉,၈၀၆) ကြိမ် ထိုးနှံပြီးဖြစ်ပါသည်။

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် မိဘပြည်သူအားလုံးနှင့် အသက် ၁၂ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသူ/ ကျောင်းသားများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၄၀ နှစ်နှင့်အထက် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော မိဘပြည်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး / ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၁၁-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၅၈၉) ခု | (၁၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၄၂) ခု | - |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၄၂) ခု | - |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၆) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၂၆၄) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၁၄၃) ခု | (၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅,၈၀၇) ခု | (၁) ဦး |
| စုစုပေါင်း | (၉,၁၀၃) ခု | (၁၆) ဦး |

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်မှုအခြေအနေ (၁၀-၅-၂၀၂၂)ရက်နေ့

| ကာကွယ်ဆေးထိုးနှံမှု | အရေအတွက် |
|---|---|
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေ | (၆,၆၆၄,၅၁၃) ဦး |
| ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံပြီး လူဦးရေ | (၂၄,၃၂၉,၈၆၂) ဦး |
| ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပြီး လူဦးရေ | (၁,၆၆၅,၅၆၉) ဦး |
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေနှင့် အကြိမ်ပြည့် ထိုးနှံပြီး လူဦးရေ | (၃၀,၉၉၄,၃၇၅) ဦး |
| စုစုပေါင်း ထိုးနှံပြီးသောကာကွယ်ဆေး အကြိမ်ပေါင်း (Vaccine Doses) | (၅၆,၉၈၉,၈၀၆) ကြိမ် |

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၃၇၇၈၇၆၀ | ၈၁၀၅၉၀၉၃ | ၁၀၂၅၁၀၄ |
| ၂။ | အိန္ဒိယ | ၄၃၁၁၀၅၈၆ | ၄၂၅၆၆၉၃၅ | ၅၂၄၁၅၇ |
| ၃။ | ဘရာဇီး | ၃၀၅၉၄၃၈၈ | ၂၉၆၈၁၁၂၀ | ၆၆၄၄၄၃ |
| ၄။ | ပြင်သစ် | ၂၉၀၂၁၂၂၄ | ၂၇၈၂၅၀၃၁ | ၁၄၆၉၇၉ |
| ၅။ | ဂျာမနီ | ၂၅၄၉၀၁၅၆ | ၂၃၆၇၆၇၀၀ | ၁၃၇၂၂၂ |
| ၆။ | ဗြိတိန် | ၂၂၁၄၄၆၂၈ | ၂၁၅၈၉၉၈၇ | ၁၇၆၄၂၄ |
| ၇။ | ရုရှား | ၁၈၂၄၁၃၂၉ | ၁၇၆၁၉၄၁၄ | ၃၇၇၂၄၈ |
| ၈။ | တောင်ကိုရီးယား | ၁၇၆၅၈၇၉၄ | စိစစ်ဆဲ | ၂၃၄၉၁ |
| ၉။ | အီတလီ | ၁၆၈၇၂၆၁၈ | ၁၅၆၂၄၉၁၅ | ၁၆၄၇၃၁ |
| ၁၀။ | တူရကီ | ၁၅၀၄၆၇၇၉ | ၁၄၉၄၄၃၉၃ | ၉၈၈၆၁ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၀၆၈၃၉၇၂ | ၉၃၂၇၅၂၃ | ၄၃၀၆၀ |
| ၂။ | အင်ဒိုနီးရှား | ၆၀၄၉၁၄၁ | ၅၈၈၆၈၇၀ | ၁၅၆၄၁၆ |
| ၃။ | မလေးရှား | ၄၄၆၃၇၄၀ | ၄၄၀၅၁၉၇ | ၃၅၅၉၀ |
| ၄။ | ထိုင်း | ၄၃၄၅၂၁၈ | ၄၂၃၇၆၉၂ | ၂၉၂၅၅ |
| ၅။ | ဖိလစ်ပိုင် | ၃၆၈၇၃၂၀ | ၃၆၂၃၂၄၃ | ၆၀၄၃၉ |
| ၆။ | စင်ကာပူ | ၁၂၂၅၀၂၄ | ၁၁၅၃၄၈၅ | ၁၃၅၆ |
| ၇။ | မြန်မာ | ၆၁၃၀၈၂ | ၅၉၂၀၀၁ | ၁၉၄၃၄ |
| ၈။ | လာအို | ၂၀၈၉၆၉ | ၂၀၇၁၈၂ | ၇၅၂ |
| ၉။ | ဘရူနိုင်း | ၁၄၃၆၁၆ | ၁၄၂၀၆၁ | ၂၁၉ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၆၂၆၂ | ၁၃၃၁၈၄ | ၃၀၅၆ |

# တရုတ်နိုင်ငံက ကမ္ဘာ့နိုင်ငံများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၂ ဒသမ ၂ ဘီလီယံကျော် လှူဒါန်းပြီး

**ပေကျင်း မေ ၁၁**

တရုတ်နိုင်ငံက လက်ရှိအချိန်အထိ ကမ္ဘာ့နိုင်ငံများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၂ ဒသမ ၂ ဘီလီယံကျော် လှူဒါန်းပြီးဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

တရုတ်နိုင်ငံသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအတွက် ဉာဏပစ္စည်း မူပိုင်ခွင့်စွန့်လွှတ်မှုကို ထောက်ခံအားပေးသည့် ပထမဆုံးသောနိုင်ငံဖြစ်သည့်အပြင် ကာကွယ်ဆေးထုတ်လုပ်ရေးအတွက် အခြားသောဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် နိုင်ငံလည်းဖြစ်သည်။

လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထုတ်လုပ်နိုင်ရေးအတွက် နိုင်ငံ ၁၃ နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး နိုင်ငံ၂၀နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူညီမှုလက်မှတ်ရေးထိုးပြီးဖြစ်ကြောင်း သိရသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါစတင်ဖြစ်ပွားသည့်အချိန်မှစပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ သမိုင်းတွင် အလေးပေးမှုအရှိဆုံးဖြစ်သည့် ကမ္ဘာလုံးဆိုင်ရာ အရေးပေါ်လူသားချင်းစာနာထောက်ထားမှုလုပ်ဆောင်ချက်ကို ဆောင်ရွက်ခဲ့သည်။




ယခုလအစောပိုင်းအထိ တရုတ်နိုင်ငံက နိုင်ငံပေါင်း ၁၅၃ နိုင်ငံနှင့် နိုင်ငံတကာအဖွဲ့အစည်း ၁၅ ခုအား ရောဂါကာကွယ်တားဆီးရေး တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ ၄ ဒသမ ၆ ဘီလီယံနှင့် နှာခေါင်းစည်း ၄၃၀ ဘီလီယံကို ပေးအပ်လှူဒါန်းပြီးဖြစ်ကြောင်း သိရသည်။

အလားတူ နိုင်ငံ ၃၄ နိုင်ငံသို့လည်း ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များကို စေလွှတ်ပေးခဲ့သည်။ နိုင်ငံပေါင်း ၁၈၀ နှင့် နိုင်ငံတကာအဖွဲ့အစည်းများသို့လည်း ကိုဗစ်-၁၉ ရောဂါကာကွယ်တားဆီးရေးဆိုင်ရာ အတွေ့အကြုံများကို မျှဝေပေးခဲ့ကြောင်း သိရသည်။

ထို့ပြင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ မူဘောင်နှင့်အညီ ကာကွယ်ဆေးထောက်ပံ့ပေးသည့် COVAX အစီအစဉ်တွင် တက်ကြွစွာပါဝင်လျက်ရှိပြီး လက်ရှိအချိန်အထိ ဖွံ့ဖြိုးဆဲနိုင်ငံများသို့ ကာကွယ်ဆေးဖြန့်ဖြူးပေးရေးအတွက် အမေရိကန်ဒေါ်လာ သန်း ၁၀၀ ကို လှူဒါန်းပေးပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**

# တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၃၉၂၅ ဦး ထပ်မံတွေ့ရှိ

**ဆိုးလ် မေ ၁၁**

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၃၉၂၅ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် အဆိုပါရောဂါ ကူးစက်ခံရသူစုစုပေါင်း ၁၇၆၅၈၇၉၄ ဦးရှိလာကြောင်း တောင်ကိုရီးယားကျန်းမာရေးအာဏာပိုင်များက ယနေ့တွင် ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၉ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၂၃၄၉၁ ဦး ရှိလာကြောင်း တောင်ကိုရီးယားရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးအေဂျင်စီက ပြောကြားသည်။ အဆိုပါတစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူအရေအတွက်သည် နိုင်ငံအတွင်း သေဆုံးသူစုစုပေါင်း၏ သုည ဒသမ ၁၃ ရာခိုင်နှုန်းရှိကြောင်း သိရသည်။



တောင်ကိုရီးယားနိုင်ငံ၌ နိုင်ငံ့လူဦးရေ၏ ၈၆ ဒသမ ၈ ရာခိုင်နှုန်းသို့မဟုတ် ၄၄၅၅၇၆၉၃ ဦးအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံပေးပြီးဖြစ်ကြောင်းနှင့် လူဦးရေ ၃၃၁၉၆၁၉၈ ဦး သို့မဟုတ် နိုင်ငံလူဦးရေ၏ ၆၄ ဒသမ ၇ ရာခိုင်နှုန်းအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမအကြိမ်အပိုဆောင်း ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# ဂျပန်နိုင်ငံ၌ နေ့စဉ်ပြည်ဝင်ခွင့်ပြုမည့်ဦးရေကို ၂၀၀၀၀ အထိ တိုးမြှင့်ရန် ဆောင်ရွက်မည်

**တိုကျို မေ ၁၁**

လာမည့်လမှစတင်၍ ဂျပန်နိုင်ငံအတွင်း နေ့စဉ်ပြည်ဝင်ခွင့်ပြုမည့်ဦးရေကို ၂၀၀၀၀ အထိ တိုးမြှင့်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ဂျပန်အစိုးရက ပြောကြားသည်။

**ပြောကြား**

ကမ္ဘာပေါ်ရှိ စက်မှုထိပ်သီးခုနစ်နိုင်ငံကဲ့သို့ပင် ဂျပန်နိုင်ငံကလည်း လက်ရှိချမှတ်ထားသည့် ကိုဗစ် - ၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းများကို ဖြေလျှော့ပေးရန် ဆောင်ရွက်နေသဖြင့် ဂျပန်နိုင်ငံသို့ ပြည်ဝင်ခွင့်ရရှိရန် လွယ်ကူမည်ဖြစ်ကြောင်း ပြီးခဲ့သည့်သီတင်းပတ်က ဗြိတိန်သို့သွားရောက်စဉ် ဝန်ကြီးချုပ်ကီရှီဒါက ပြောကြားသည်။ ဂျပန်နိုင်ငံသို့ လာရောက်မည့်သူများအား ကိုဗစ်-၁၉ ဆိုင်ရာ သီးခြားခွဲခြားစောင့်ကြည့်ရေးပြုလုပ်မည့် အစီအမံများအား ပြန်လည်သုံးသပ်သွားမည်ဟု ဂျပန်တာဝန်ရှိသူများက ပြောကြားသည်။

ဂျပန်နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုအခြေအနေများနှင့် နိုင်ငံသားများ၏ ခရီးသွားလာမှု အခြေအနေများအပေါ်အခြေခံ၍ နိုင်ငံခြားသားများပြည်တွင်းဝင်ရောက်ခွင့်ကို အတည်ပြုဆုံးဖြတ်မည်ဖြစ်ကြောင်း ဂျပန်အစိုးရက ပြောကြားသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-စိုးသူရ**

# အိန္ဒိယနိုင်ငံ၌ အပူချိန်မြင့်တက်မှုကြောင့် ပြည်သူအများအပြား ရေနှင့်လျှပ်စစ်မီး ပြတ်လပ်မှုများ ရင်ဆိုင်နေရ

**နယူးဒေလီ မေ ၁၁**

အိန္ဒိယနိုင်ငံရှိ ဒေသအများအပြား၌ ပြင်းထန်သောအပူလှိုင်းကျရောက်သည့်အတွက် ရေနှင့်လျှပ်စစ်ဓာတ်အားသုံးစွဲမှု မြင့်တက်လာမှုကြောင့် ပြည်သူအများအပြားရေနှင့်လျှပ်စစ်မီး ပြတ်လပ်မှုများနှင့် ရင်ဆိုင်နေရသည်။

**တန်းစီစောင့်ဆိုင်းနေကြရ**

နယူးဒေလီမြို့တော်၌ လွန်ခဲ့သော ရက်သတ္တပတ်အတွင်း နေ့အပူချိန် ၄၅ ဒီဂရီစင်တီဂရိတ်အထိ မြင့်တက်ခဲ့ကြောင်း သိရသည်။ ပြည်သူများက သုံးစွဲရေရရှိရန်အတွက် နေ့စဉ်တန်းစီစောင့်ဆိုင်းနေကြရသည်။

အိန္ဒိယနိုင်ငံ၌ ပြီးခဲ့သည့်မတ်လသည် ရာစုနှစ်တစ်ခုကျော်အတွင်း အပူဆုံးလအဖြစ် မှတ်တမ်းဝင်ခဲ့သည်။ ဧပြီလတွင်လည်း ဒေသအများအပြား၌ နေ့အပူချိန် ၄၀ ဒီဂရီစင်တီဂရိတ် အထက်တွင် ရောက်ရှိခဲ့ကြောင်း သိရသည်။

ထို့ပြင် တိရစ္ဆာန်များသည်လည်း လူသားများကဲ့သို့ ပူပြင်းသောအပူဒဏ်ကို ရင်ဆိုင်နေရသည်။ ပူနီမြို့ရှိ တိရစ္ဆာန်ရုံတစ်ရုံတွင် တိရစ္ဆာန်များ အပူချိန်ပြင်းထန်မှုဒဏ်ကို ရင်ဆိုင်နိုင်ရန်အတွက် ပန်ကာများ၊ ရေဖျန်းစက်များနှင့် လေအေးပေးစက်များကို တပ်ဆင်ထားကြောင်း သိရသည်။

**ကြိုးပမ်းလျက်ရှိ**

လာမည့်ရက်သတ္တပတ်အနည်းငယ်အတွင်း အပူချိန်ဆက်လက်မြင့်တက်လာနိုင်သည့်အတွက် ဒေသန္တရအစိုးရများကလည်း သက်ဆိုင်ရာဒေသများ၌ အပူချိန်ကို ပြည်သူများခံနိုင်ရည်ရှိရန်အတွက် နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းလျက်ရှိသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**



# ချီလီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အပိုဆောင်းထိုးနှံရန် ပျက်ကွက်သူများအား အသွားအလာကင်းလွတ်ခွင့် ရုပ်ဆိုင်းမည်

**ဆန်တီဂို မေ ၁၁**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအပိုဆောင်းထိုးနှံမှုခံယူရန် ပျက်ကွက်သူ ချီလီနိုင်ငံသားများအား လာမည့်လမှစတင်၍ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသွားအလာကင်းလွတ်ခွင့်ကို သက်တမ်းထပ်မံတိုးမြှင့်ပေးမည်မဟုတ်ဘဲ နိုင်ငံအတွင်း အသွားအလာပြုလုပ်ခွင့် ရုပ်ဆိုင်းထားမည်ဖြစ်ကြောင်း ချီလီအစိုးရက ယမန်နေ့တွင် ကြေညာခဲ့သည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံပြီးနောက် ခြောက်လအတွင်း ကာကွယ်ဆေး အပိုဆောင်းထိုးနှံမှုခံယူခြင်း မပြုသူများအား ဇွန် ၁ ရက်မှစတင်၍ နိုင်ငံအတွင်း အသွားအလာကင်းလွတ်ခွင့် ရုပ်ဆိုင်းထားမည်ဖြစ်ကြောင်း ချီလီနိုင်ငံကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူ ခရစ်တိုဘယ်လ်ကူဒရာဒိုက ပြောကြားသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အပိုဆောင်းထိုးနှံခြင်းအပါအဝင် ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်ခြင်း၊ လက်ဆေးခြင်း၊ နှာခေါင်းစည်းဝတ်ဆင်ခြင်းနှင့် တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ရေး စည်းမျဉ်းများကို တိကျစွာလိုက်နာဆောင်ရွက်ခဲ့သဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုများ ကျဆင်းလာကြောင်း ၎င်းက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

# မြို့နယ်အချို့၌ PDF အမည်ခံ အကြမ်းဖက်သမားများက သာသနာ့အနွယ်ဝင် သံဃာတော်များနှင့် အပြစ်မဲ့ပြည်သူများအား ရက်စက်စွာ ဖမ်းဆီးခေါ်ဆောင်သတ်ဖြတ်

နေပြည်တော် မေ ၁၁

နိုင်ငံရေးအစွန်းရောက် အကြမ်းဖက်သမားများအနေဖြင့် ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးများ၏ အထွတ်အမြတ်ထားရာ သာသနာပိုင် အဆောက်အအုံများ၊ ဘုန်းတော်ကြီးကျောင်းများကိုပါ အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်ခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်းနှင့် ရဟန်းသံဃာတော်များကို ဖမ်းဆီးခေါ်ဆောင်သတ်ဖြတ်ခြင်းများအား စိတ်နှလုံးညှိုးနွမ်းဖွယ် ရက်စက်စွာ ပြုလုပ်နေကြသည်ကို တွေ့ရသည်။

ထိုသို့ ပြုလုပ်လျက်ရှိရာ မေ ၁၀ ရက် ညနေ ၄ နာရီ မိနစ် ၂၀ ခန့်တွင် မြိုင်မြို့နယ် သင်းပေါင်းကန်ကျေးရွာသို့ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ ရောက်ရှိလာပြီး အဆိုပါကျေးရွာနေ ဦးတာတီး (၂၅)နှစ် (ဘ)ဦးပေါလွင်၊ ဦးအောင်ဝင်း(၂၉)နှစ် (ဘ)ဦးကြွက်၊ ဦးစိုး (၆၁)နှစ် (ဘ)ဦးပေနီတို့ သုံးဦးနှင့် ကျေးရွာဘုန်းတော်ကြီးကျောင်းမှ ဆရာတော် ဦးသုမန (၄၄)နှစ် ဝါတော် (၁၄) ဝါ(ဘ)ဦးထွန်းလှိုင်အား ဖမ်းဆီးခေါ်ဆောင်သွားကာ "သူလျှို၊ ဒလန်" များဟု စွပ်စွဲပြောဆို၍ ဓား/သေနတ်များဖြင့် ဝိုင်းဝန်းပစ်ခတ်ထိုးခုတ်ခဲ့သဖြင့် ဆရာတော် ဦးသုမန ပါ လေးဦးတို့မှာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့ကြောင်း သိရသည်။

အလားတူ မေ ၁၁ ရက် နံနက် ၆ နာရီခန့်တွင် ပခုက္ကူမြို့နယ် မြောက်လူးကန်ကျေးရွာရှိ ပစ္စိမာရုံဘုန်းတော်ကြီးကျောင်းသို့ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ ရောက်ရှိလာပြီး ဘုန်းတော်ကြီးကျောင်းတွင် သီတင်းသုံးနေထိုင်လျက်ရှိသည့် ကျောင်းထိုင်ဆရာတော် ဦးကောဝိတ (၇၈)နှစ် ဝါတော် (၅၈) ဝါအား ကျောင်းအပြင်ဘက်သို့ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပြီး သေနတ်များဖြင့် အကြောင်းမဲ့ ဝိုင်းဝန်းပစ်ခတ်သတ်ဖြတ်ခဲ့သဖြင့် အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့ကြောင်း သိရသည်။


ဦးကောဝိတ(သေဆုံး)

အထက်ပါဖြစ်စဉ်များမှ သာသနာ့အနွယ်ဝင် သံဃာတော်များနှင့် အပြစ်မဲ့ပြည်သူများအား သတ်ဖြတ်ခဲ့သူ အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်၊ မိုဘိုင်းဖုန်းများ၊ ရေလုပ်ငန်းသုံးပစ္စည်းများနှင့် ရေနံစိမ်းများ သိမ်းဆည်းရမိ

နေပြည်တော် မေ ၁၁

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မေ ၇ ရက်တွင် ကချင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် သစ်တောဦးစီးဌာနတို့ ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မံစီမှ ဗန်းမော်သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ် တွင် တရားမဝင် သယ်ဆောင်လာသော ကျွန်းခွဲသားဆိုဒ်စုံ သုည ဒသမ ၉၅၂၈တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၅၈၄၀)** ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မေ ၉ ရက်တွင် ချင်းပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မတူပီမြို့နယ်အတွင်း တရားမဝင် အရက်နှင့်ဘီယာများ **(ခန့်မှန်းတန်ဖိုးငွေကျပ် ၇၄၅၀၀၀)**ကို သိမ်းဆည်းရမိခဲ့ပြီး ချင်းဝိသေသတိုင်း အက်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မေ ၁၀ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမှ ရန်ကုန်သို့ သွားရောက်မည့် ကုန်တင်ယာဉ်တစ်စီးပေါ်၌ သွင်းကုန်ကြေညာလွှာ (ID) တွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသော အချိုမှုန့်ထုပ်များ **(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၈၇၅၀၀)** ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရေကြောင်းရဲတပ်ဖွဲ့နှင့် တော်ဝင်စစ်ဆေးရေးတံတားတာဝန်ကျအကောက်ခွန်အဖွဲ့တို့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့နယ် ရွှေဝက်ဝံတံတားအနီး၌ တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ထိုင်းနိုင်ငံထုတ် ငါးဖမ်းကြိုးခွေများ **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၄၆၇၂၀)**ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မူဆယ်မြို့ မြန်မာ-တရုတ် နယ်စပ်နန်းတော် လူဝင်/လူထွက် စစ်ဆေးရေးဂိတ်မှ တာဝန်ကျ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အကောက်ခွန်မဲ့ မိုဘိုင်းဖုန်းများ **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၅၀၀၀၀၀)**ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၎င်းအပြင် မေ ၁၁ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးမြို့နယ်နှင့် ဒိုက်ဦးမြို့နယ်တို့အတွင်း တရားမဝင် ကျွန်းပါကေး (အကြမ်းတုံး) ၂ ဒသမ ၅၄၃၆ တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၇၆၃၀၈၀)** ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သစ်တောဦးစီးဌာန ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က တမူးမြို့နယ်အတွင်း တရားမဝင် ကျွန်းခွဲသား ၅ ဒသမ ၆၈၈၂ တန်(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၀၆၄၆၀) ကို သစ်တောဥပဒေအရ လည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က ကန့်ဘလူမြို့နယ်အတွင်း တရားမဝင် ရေနံစိမ်းပီပါလုံး ၁၇၀ **(ခန့်မှန်း တန်ဖိုးငွေကျပ် ၃၀၆၀၀၀၀)**ကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရလည်းကောင်း စုစုပေါင်း **ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၃၀၆၄၆၀** ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မေ ၇ ရက်၊ ၉ ရက်၊ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၃ မှု **(ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၃၁၃၄၆၀၀)** ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**



မွန်ပြည်နယ် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း၌ သိမ်းဆည်းရမိမှု။

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၂-၅-၂၀၂၂ ကြာသပတေးနေ့

### MRTV HD

၀၆:၀၀ မေတ္တာသုတ်၊ ရတနသုတ်၊ တော္ဗျဂ်သုတ် အန္တရာယ်ကင်းပရိတ်တရားတော်
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၄၀ ဒီမိုကရေစီဆိုရာဝယ်
၀၉:၃၀ NRC အစီအစဉ် 'အလှမြားဝေတောင်စလစ်ငမြ'
၁၀:၀၀ သတင်းထဲကသတင်း
၁၀:၃၅ ရှေ့ပြည်အမရ သာပေစွ
၁၁:၃၀ ရုပ်မြင်သံကြားဇာတ်လမ်း 'အမြင်'
၁၃:၃၀ MRTV National News
၁၅:၄၀ မျက်မှောက်ရေးရာအပြာပြာ
၁၇:၁၀ Soccer View
၁၇:၃၀ လူမှုစီးပွားမြင်ကွင်းများ
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၀ Road to 31st SEA Games Vietnam (Highlights)
၁၈:၄၀ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
၁၉:၁၀ ဟိုးတုန်းကရေဒီယိုအသံလွှင့်ဇာတ်လမ်းများ
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၀၀ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'တားဆီးကျော်ဖြတ် စုံစမ်းဖော်ထုတ်' (အပိုင်း-၂၄)
၂၂:၃၅ ရုပ်မြင်သံကြားဇာတ်လမ်း 'အရှုံးအနိုင်'

### mitv

07:02 Evergreen Classic: Myitta Phyan Mha Lenn Senn Mal (Thida Theint)
07:09 Let's Taste Delicious Insects: Red Ant Spaghetti & Crickets, Soy Chips & Fragrant Root Curry
07:35 Shwe U Min Natural Cave In Kalaw
07:51 Licuala Palm Leaf
08:01 Discovering Tribes: Wa - Their Life and Customs
08:36 Insight Myanmar: Manuscription (Epi-2) Forgotten Illustrated Manuscripts
09:01 News
09:28 Patchwork Bags
09:40 A Visit to Inn Ne Village
10:01 Golden Mandalay Hill
10:05 Mote Khwe Late from Intaing Village

### MRTV NRC

**အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
ဆီးချိုသွေးချိုရောဂါအကြောင်းသိကောင်းစရာ

**အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
ကရင်စကားပြောကြရအောင်(အပိုင်း-၄)

**ချင်း(လိုင်ဇို) (၀၈:၀၀ မှ ၀၉:၀၀)**
ဓာတ်တော်ချိုင့်ရေတံခွန်သို့အလည်တစ်ခေါက်

**ချင်း(ဇိုး) (၀၉:၀၀ မှ ၁၀:၀၀)**
ဆွေညီနောင်များဘာသာစကားဖြင့် ချစ်ကြည်စေမည်(အပိုင်း-၅)

**မွန် (၁၀:၀၀ မှ ၁၂:၀၀)**
ထန်းပင်ပေါ်ကတို့ပေပေ

**ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)**
လခြမ်းမြေမှရိုးရာအလှ(အပိုင်း-၂)

**ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)**
ကလေးငယ်များကိုဖြည့်စွက်စာကျွေးခြင်း

**ဝ (၁၆:၀၀ မှ ၁၈:၀၀)**
ကကာန်းချဉ်စပ်ပြုလုပ်နည်း

**ကချင် (၁၈:၀၀ မှ ၂၀:၀၀)**
ပူတာအိုသို့အလည်တစ်ခေါက်(အပိုင်း-၂)

**ကယား (၂၀:၀၀ မှ ၂၂:၀၀)**
သဘာဝအလှတရားရှိရာထီးစဲခါးရေတံခွန်ဆီ

**စကောကရင် (၂၂:၀၀ မှ ၂၃:၀၀)**
ကျောက်ကပ်ရောဂါအကြောင်းသိကောင်းစရာ

### MRTV NEWS

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၈:၄၅ အပြည်ပြည်ဆိုင်ရာ သူနာပြုနေ့
၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၃:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၄:၀၀ MRTV National News
၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
၂၁:၂၀ သတင်းသမားပြောတဲ့သတင်းစကား

### MRTV PARLIAMENT

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၃၀ ဥပဒေရေးရာအပြာပြာဇာတ်လမ်းတို 'တာဝန်နှင့်လူ'
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
၁၀:၃၀ ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၁)
၁၁:၀၀ ဒီမိုကရေစီဆိုသည်မှာ
၁၁:၃၀ အတွေးအမြင် (အပိုင်း-၁)

### MRTV FARMERS'

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
၀၆:၂၅ လုပကျွန်းမာသောသီးနှံများနှင့်မြို့ထိလာ
၀၆:၄၅ သီးနှံအထွက်နှုန်းတိုးရေး မျိုးကောင်းမျိုးသန့်သုံးစွဲပေး
၀၈:၁၅ ပျဉ်မနားမြို့နယ်တွင်းဆီကာကရင်၊ ပဒိုင်းသွေးချင်းတို့ရဲ့ကော်ဖီစိုက်ပျိုးရာမြေ
၀၈:၅၀ စပ်ပျိုးစပါးနှင့်တို့တောင်သူ
၀၉:၂၀ စလင်းမြို့မှအာလူးခင်း

### MRTV SPORTS

၀၆:၀၀ အဖွင့်
၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
၀၇:၀၀ Sports News
၀၇:၃၀ Soccer View/ Weekly Sports Info
၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို စနေ၊ တနင်္ဂနွေ မှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။
SCAN ME
www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

## စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ
## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၂-၅-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၇၅ | ၂၀၂၀ | ၂၀၁၅ | ၁၉၈၅ | ၂၀၂၀ | ၂၀၄၅ | ၂၀၃၀ | ၂၀၀၅ | ၂၁၀၀ | ၂၁၁၅ | ၂၀၁၅ | ၂၀၂၀ | ၂၀၅၅ | ၂၀၆၀ | ၂၀၆၀ | ၂၂၈၀ | ၂၄၃၀ |
| 95 Ron | ၂၀၃၀ | ၂၀၇၅ | ၂၀၇၅ | ၂၀၃၅ | ၂၀၇၅ | ၂၀၉၅ | ၂၀၈၀ | ၂၀၆၀ | ၂၁၅၅ | ၂၁၇၀ | ၂၀၆၅ | ၂၀၈၀ | ၂၁၁၀ | ၂၁၁၀ | ၂၁၁၅ | ၂၃၃၀ | ၂၆၀၅ |
| HSD (500 ppm) | ၂၂၇၀ | ၂၃၁၅ | ၂၃၁၀ | ၂၂၇၅ | ၂၃၁၅ | ၂၃၃၅ | ၂၃၃၀ | ၂၃၀၀ | ၂၄၁၅ | ၂၄၁၀ | ၂၃၀၅ | ၂၃၁၅ | ၂၃၅၀ | ၂၃၅၀ | ၂၃၅၅ | ၂၅၇၀ | ၂၆၉၀ |
| HSD (50 ppm) | ၂၂၉၅ | ၂၃၄၅ | ၂၃၄၀ | ၂၃၀၅ | ၂၃၄၀ | ၂၃၆၅ | ၂၃၆၀ | ၂၃၃၀ | ၂၄၄၅ | ၂၄၃၅ | ၂၃၃၅ | ၂၃၄၅ | ၂၃၈၀ | ၂၃၈၀ | ၂၃၈၀ | ၂၆၀၀ | ၂၇၂၅ |
| HSD (10 ppm) | ၂၂၉၅ | ၂၃၄၅ | ၂၃၄၀ | ၂၃၀၅ | ၂၃၄၀ | ၂၃၆၅ | ၂၃၆၀ | ၂၃၃၀ | ၂၄၄၅ | ၂၄၃၅ | ၂၃၃၅ | ၂၃၄၅ | ၂၃၈၀ | ၂၃၈၀ | ၂၃၈၀ | ၂၆၀၀ | ၂၇၂၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၇၈ | ၁၉၄၉ |
| 95 Ron | ၁၉၂၉ | ၂၀၀၁ |
| HSD (500 ppm) | ၂၁၆၂ | ၂၂၃၅ |
| HSD (50 ppm) | ၂၁၉၀ | ၂၂၆၃ |
| HSD (10 ppm) | ၂၁၉၀ | ၂၂၆၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၁၁**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် အမှတ်(၁၂) ရပ်ကွက်နေ ချမ်းသာထွန်း(ခ)ကြယ်စင်သည် ၎င်းအသုံးပြုသည့် "Kyal Zin" Facebook အကောင့်နှင့် ကျောင်းကုန်းမြို့နယ် အမှတ်(၁)ရပ်ကွက်နေ ဖြိုးဝင်းသန်း(ခ)ပေါက်စကြီးသည် ၎င်းအသုံးပြုသည့် "Phyo Win Than" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



## ရွှေဘိုမြို့နယ်၌ သစ်စိမ်းမြေဩဇာ ပြုလုပ်သုံးစွဲရန် ပိုက်ဆံလျှော်မျိုးစေ့များ ထောက်ပံ့ပေးအပ်

**ရွှေဘို မေ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ရှင်ယွန်းစံခန်းမ၌ သစ်စိမ်းမြေဩဇာပြုလုပ်သုံးစွဲရန် ပိုက်ဆံလျှော်မျိုးစေ့များ ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည်။

အခမ်းအနားတွင် ရွှေဘိုခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးဦးက အဖွင့်အမှာစကားပြောကြားပြီး ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်မောင်ဆွေက သစ်စိမ်းမြေဩဇာပြုလုပ်သုံးစွဲခြင်းဖြင့် ရရှိနိုင်မည့် အကျိုးကျေးဇူးများကို ရှင်းလင်းဆွေးနွေးခဲ့ကာ တက်ရောက်လာသော တောင်သူများအား တာဝန်ရှိသူများက ပိုက်ဆံလျှော်မျိုးစေ့များ ထောက်ပံ့ပေးအပ်ခဲ့သည်။

ပိုက်ဆံလျှော်မျိုးစေ့ထောက်ပံ့ပေးအပ်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန၏ အစီအစဉ်ဖြင့် ပိုက်ဆံလျှော်မျိုးစေ့ ၂၈ တင်းအား တောင်သူပေါင်း ၁၅ ဦးတို့ကို တစ်ဧကလျှင် ခြောက်ပြည်နှုန်းဖြင့် ၇၅ ဧကအတွက် ပေးအပ်ခဲ့ကြောင်း သိရသည်။

အေးမြသက်ထား

# လူရွှေတိုင်းရင်းသားပုံပြင်များ

မင်းသက်တင်

**ရေငုံနှုတ်ပိတ်မနေပါနှင့်**

“အဆွေတော်မျောက်ရေ ရေငုပ်ပြီး ငါးသွားဖမ်းရအောင်”

“အဆွေလိပ်ရေ၊ ကျွန်ုပ်ကရေမငုပ်တတ်ဘူးလေ၊ တစ်ခါမှ ရေငုပ်ဖို့လည်း မစဉ်းစားဖူးဘူး”

“မစိုးရိမ်ပါနဲ့ အဆွေတော်မျောက်ရေ၊ ကျွန်ုပ်ရဲ့အခွံကို မြဲမြဲကိုင်ထားရင် ရပါတယ်။ ရေငုပ်ရတဲ့အရသာကို သိသွားရင် ကြိုက်သွားမှာပါ၊ အတွေ့အကြုံသစ်ရတာပေ့ါ”

လိပ်ရဲ့ ပြောစကားကြောင့် မျောက်ဟာရေငုပ်ဖို့သဘောတူသွားတော့သတဲ့။

ရှေးလွန်လေပြီးသော အခါက ဖြစ်ပေတယ်။ လိပ်တစ်ကောင်နဲ့ မျောက်တစ်ကောင်တို့ဟာ ခင်မင်ရင်းနှီးစွာနဲ့ အတူတကွနေထိုင်ကြတဲ့ မိတ်ဆွေရင်းချာတွေပေ့ါကွယ်။ မိတ်ဆွေနှစ်ကောင်ဟာ တောထဲမှာ အစာရှာဖွေတဲ့အခါမှာလည်း အတူတကွသွားလာ ရှာဖွေ စားသောက်ကြတယ်ကွယ့်။ ဘယ်ကိုသွားသွား အတူတူပဲပေ့ါ။



ဒီလိုနဲ့ မျောက်နဲ့လိပ်တို့ဟာ ရေထဲကို ငုပ်လျှိုးကာ ငါးဖမ်းထွက်ကြလေတယ်။ ရေအောက်ကိုရောက်တဲ့အခါ မျောက်က ရေမွန်းတာကြောင့် တရှူးရှူး၊တဝါးဝါးနဲ့ ပါးစပ်ထဲကိုဝင်လာတဲ့ ရေတွေကို မှုတ်ထုတ်နေရတာပေ့ါကွယ်။

“အဆွေတော်မျောက်ရေ အသင်ပျော်ရွှင်နေတာကို ကျွန်ုပ်လည်းဝမ်းသာပါတယ်။ အဆွေတော်က တရှူးရှူး၊ တဝုန်းဝုန်းနဲ့ အသံဗလံတွေဆူညံအောင် လုပ်နေရင် ငါးတွေကလန့်ပြီး ပြေးတာပေ့ါ။ အဲဒီအခါ ငါးဖမ်းလို့ မရနိုင်တော့ဘူးလေ။ ဒါကြောင့် ခဏလောက်သည်းခံပြီး ငြိမ်ငြိမ်နေပေးပါလား။ အဲဒါမှ ငါးဖမ်းလို့မိမှာပေ့ါ”

မျောက်ခမျာ ရေမွန်းခြင်းကြောင့် တရှူးရှူး၊ တဝါးဝါးနဲ့ ပါးစပ်ထဲဝင်လာတဲ့ ရေတွေကို မှုတ်ထုတ်နေရတာကို လိပ်က မသိရှာဘူးပေ့ါ။ လိပ်ရဲ့ ပြောစကားကြောင့် မျောက်က ကြိုးစားပြီးနေရှာပေမယ့် မရနိုင်ဘူးပေ့ါကွယ်။

“ဝူးဝူးဝါးဝါး၊ ရှူးရှူးရှားရှား”

မျောက်က ရေမွန်းလွန်းတာကြောင့် ပါးစပ်အတွင်းဝင်လာတဲ့ ရေတွေကို မှုတ်ထုတ်လိုက်ပြန်တာပေ့ါ။ အဲဒီအချိန်မှာ ဆူညံသံတွေထွက်ပေါ်လာလို့ ငါးတွေက အဝေးကိုထွက်ပြေးကြတော့တာပေ့ါကွယ်။

“တော်ပြီကွာ၊ ငါးဖမ်းလို့တော့ ရမှာမဟုတ်တော့ပါဘူး၊ မဖမ်းတော့ဘူးကွာ”

လိပ်က ပြောပြောဆိုဆို ရေပေါ်ပြန်တက်လာတော့တယ်။ မျောက်ခမျာလည်း ရေမွန်းလို့ ပြူးတီးပြူးကြောင်နဲ့ ကုန်းပေါ်တက်လာရတော့တာပေ့ါ။ ငါးမရတဲ့အတွက် မျောက်က သူ့ကြောင့်ဖြစ်ရတာဆိုပြီး စိတ်မကောင်းဖြစ်နေရတာပေ့ါ။

“အဆွေတော်လိပ်ရေ တောင်းပန်ပါတယ်ဗျာ၊ ကျွန်ုပ်ကြောင့် ငါးမရဘဲ ကုန်းပေါ်ပြန်တက်လာရတာ ခွင့်လွှတ်ပါ။ နောက်နေ့ကျရင် ရေပြန်ငုပ်တာပေ့ါ။ ကျွန်ုပ်ရေထဲမှာ အသံမထွက်အောင် ကြိုးစားနေပါတော့မယ်။

“အဲဒါမှ ငါးတွေရမှာပေ့ါနော်”

“ဟုတ်တာပေ့ါ အဆွေတော် မျောက်ရာ။ ရေထဲမှာနေရင် အသံမပေးဘဲနေနိုင်မှ ငါးတွေက လန့်ပြီး မပြေးတော့မှာပေ့ါ။ အဲဒီတော့မှ ကျွန်ုပ်ကလည်း ငါးကို အသာတကြည်ဖမ်းလို့ရမှာပေ့ါ”

“နားလည်ပါပြီ အဆွေလိပ်ရယ်၊ ကျွန်ုပ်လည်း ကြိုးစားပြီး ဆိတ်ဆိတ်နေပါတော့မယ်”

မိတ်ဆွေနှစ်ကောင်ဖြစ်တဲ့ လိပ်နဲ့ မျောက်တို့ဟာ သဘောတူညီမှုတွေ ထပ်မံရယူပြီး နောက်တစ်နေ့မှာ ရေငုပ်ပြီး ငါးဖမ်းထွက်ကြဖို့ သဘောတူလိုက်ကြလေတယ်။

“ကဲ ရေထဲရောက်ပြီနော် အဆွေတော်မျောက်ရေ၊ ရေငုပ်လိုက်တာနဲ့ အသံဗလံမထွက်အောင်ခဏတော့သီးခံနေပေးနော်”

“စိတ်ချပါ အဆွေလိပ်ရယ်။ ဒီတစ်ခါတော့ ကျွန်ုပ်သိသွားပါပြီ၊ အတွေ့အကြုံလည်း ရနေပါပြီဗျာ”

လိပ်နဲ့မျောက်တို့ဟာ ရေမငုပ်မီ စကားတွေတဝပြောကြပြီး လိပ်က ရေထဲငုပ်လျှိုးသွားတဲ့အခါ မျောက်ကလည်း လိပ်အခွံကိုမြဲမြဲကိုင်လို့ လိုက်ပါသွားတော့တယ်။ ဒီတစ်ခေါက်ရေငုပ်ရာမှာတော့ မျောက်ဟာ ပါးစပ်ထဲကိုရေမဝင်နိုင်အောင် ပိတ်ထားလိုက်တော့တယ်။ ရေနက်နက်ထဲ ရောက်လာတဲ့အခါ အသက်ရှူမရတော့ဘူးပေ့ါ။ မျောက်တို့အမျိုးဟာ ရေမှာငုပ်လျှိုးတတ်တဲ့သတ္တဝါမျိုးမဟုတ်တာကို လိပ်ကမသိရှာဘူးလေ။ ခဏအကြာမှာပဲ မျောက်ဟာ လိပ်ရဲ့ အခွံကိုစွဲကိုင်ထားရင်း ရေမွန်းကာ သေပွဲဝင်ရတော့တာပေ့ါကွယ်။

“အဆွေတော်မျောက်ရေ ခုလိုတိတ်တိတ်ကလေး လိုက်လာတော့ ငါးတွေအများကြီး ဖမ်းမိတာပေ့ါ။ ဒီလောက်ဆိုရင် တော်လောက်ပါပြီ ကုန်းပေါ်တက်ကြတာပေ့ါ”

လိပ်က ဝမ်းသာအားရပြောကာ ကုန်းပေါ်တက်တော့တယ်။ ကမ်းစပ်ရောက်တဲ့အခါ ပါးစပ်အဟောင်းသားဖြစ်နေတဲ့ မျောက်အား ငါးတွေကို ဝေစုခွဲဝေပေးမယ်လို့ လိပ်ကဆက်ပြောလိုက်တယ်။

“အဆွေတော်မျောက်ရေ ငါးတွေအများကြီးရလို့ ဝမ်းသာလို့ ရယ်မောနေတာလား”

ပါးစပ်အဟောင်းသားနဲ့ ငုတ်တုတ်မလှုပ်မယှက်ဖြစ်နေတဲ့ မျောက်ကို ကြည့်ကာ လိပ်က ပြောလိုက်ခြင်းဖြစ်တယ်။ ပြီးတော့ ငါးတွေကို ဝေစုခွဲပေးကာ ပြောလိုက်ပြန်တယ်။

“ဒီအပုံက အဆွေတော်အတွက် ငါးတွေပေ့ါ။ ယူတော့လေ”

မျောက်မှာကား သေနေပြီဖြစ်လို့ မည်သို့မျှ ပြန်မပြောနိုင်တော့တာကို လိပ်က အတွေးတစ်မျိုးပေါက်ကာ ဆက်ပြောပြန်တယ်။

“အဆွေတော်မျောက်ရေ၊ ကျွန်ုပ်ခွဲဝေပေးတာကို မကျေနပ်လို့ ရေငုံနှုတ်ပိတ်လုပ်မနေပါနဲ့တော့၊ ငါးတွေအားလုံးကို အဆွေတော်သာ အကုန်ယူလိုက်ပါတော့”

လိပ်ဟာ ပြောပြောဆိုဆို ထွက်ခွာသွားပါတော့တယ်။ လိပ်ကတော့ မိတ်ဆွေဖြစ်တဲ့မျောက် သေဆုံးနေပြီဆိုတာကိုတော့ မသိနိုင်ဘူးပေ့ါကွယ်။ ။

# တိုင်းရင်းသားရိုးရာ စကားထာဉာဏ်စမ်းများ

တက္ကသိုလ်သျှင်ရတနာ

**စကောကရင်တိုင်းရင်းသားစကားထာ**

ရှေးလွန်လေပြီးသောအခါက ရာမညတိုင်းဒေသတွင်ရှိသော ကျေးရွာတစ်ရွာတွင် “ဗညားနှင့် လဂွန်းအိမ်”ဟု အမည်ခေါ်တွင်သော သူငယ်ချင်းနှစ်ဦး ရှိသည်။

သူတို့သည် မွန်တိုင်းရင်းသား ဆယ်ကျော်သက်လူငယ်များဖြစ်ကြပြီး ရွာဦးကျောင်း ဆရာတော်ကြီးထံတွင် လောကီလောကုတ္တရာ ပညာများကို ကျောင်းအိပ်ကျောင်းစားအဖြစ်ဖြင့် သင်ယူလျက်ရှိသည်။

ရွာဦးကျောင်းဆရာတော်ကြီးသည် စာပေကျမ်းဂန်များစွာကို နှံ့စပ်သူဖြစ်ပြီး စာပေသင်ကြားပို့ချရာတွင် ကောင်းသတင်းဖြင့် ကျော်ကြားသည်။

ဗညားနှင့် လဂွန်းအိမ်တို့သည် အားလပ်ချိန်များတွင် ဘုန်းကြီးကျောင်း၏တောင်ဘက် မန်ကျည်းပင်ကြီး၏အောက်တွင် ဆော့ကစားလေ့ရှိသည်။

“ဗညားရေ ဉာဏ်စမ်းတွေမေးချင်တယ်၊ ပြီးတော့ တိုင်းရင်းသားစကားထာဉာဏ်စမ်းတွေထဲကပဲ မေးမယ်ကွာ”

“ရတယ်လေ လဂွန်းအိမ်ရာ မေးလိုရာမေးပါ”

ဗညား၏စကားကို လဂွန်းအိမ်က ပြန်ပြောလိုက်ခြင်း ဖြစ်သည်။

“သူငယ်ချင်းဗညားရေ ဒီနေ့မေးချင်တာက စကောကရင်တိုင်းရင်းသားရိုးရာစကားထာ ဉာဏ်စမ်းတွေပဲ မေးမှာနော်။ ဒါက သူငယ်ချင်းကို အောက်လိုင်းပေးထားတာ”

“အေးပါ လဂွန်းအိမ်ရာ မင်းပြောတော့လည်း မင်းရဲ့ ဥပဒေသပေ့ါကွာ၊ မေးတော့လေ”

မန်ကျည်းပင်ကြီးအောက်ရှိ မြက်ခင်းပြင်တွင် လဲလျောင်းရင်း ဗညားက စိတ်မရှည်စွာဖြင့် ပြန်ပြောလိုက်သည်။

“မေးပြီနော် ဗညားရေ “နေလှန်းသော်လည်း မသွေ့နိုင်သည့်ဖျာဆိုတာ ဘာကိုဆိုလိုတာလဲ” ဖြေပေတော့ သူငယ်ချင်း”

လဂွန်းအိမ်၏ မေးခွန်းကိုကြားလိုက်ရသည့်အခါ အပြာရောင်ကောင်းကင်ကိုမော့ကြည့်ကာ ဗညားတစ်ယောက် စဉ်းစားခန်းဖွင့်နေသည်။

“အရမ်းတွေမစဉ်းစားနဲ့ဦးနော်။ တွေးမရရင်လည်း ပန်းပေးလိုက်၊ အဖြေက ရှိပြီးသား သူငယ်ချင်းရေ”

“ခဏစဉ်းစားတာပါကွာ၊ စကောကရင်တိုင်းရင်းသားရိုးရာစကားထာဉာဏ်စမ်းတွေထဲကပဲ ဖြေမှမှန်မှာဆိုတော့ နည်းနည်းတော့ စဉ်းစားရတာပေ့ါ”

“ကောင်းပါပြီဗျာ၊ အချိန်စေ့ခါနီးလို့ သတိပေးတာပါ’’

“အဖြေက ရနေပါပြီ၊ ဉာဏ်စမ်းမေးခွန်းက “နေလှန်းသော်လည်း မသွေ့နိုင်သည့်ဖျာဆိုတာ ဘာကိုဆိုလိုတာလဲ” ရဲ့ အဖြေက “လျှာ” ဆိုရင် မှန်တယ်မဟုတ်လား သူငယ်ချင်း’’

“မှန်ပါတယ်ဗျား..မှန်ပါတယ်” ဗညား၏အဖြေစကားကို မှန်ကန်ကြောင်း လဂွန်းအိမ်ကပြောရင်း လက်မထောင်ပြလိုက်သည်။

“ဒါဆိုရင် ကိုယ်မေးရမယ့်အလှည့်ပေ့ါလေ။ ဘာမေးရရင် ကောင်းမလဲ”

“သူငယ်ချင်းမေးချင်တာ မေးပါ၊ ဒါပေမဲ့ စကောကရင်တိုင်းရင်းသားရိုးရာ စကားထာဉာဏ်စမ်းထဲကပဲ မေးပေးရမှာနော်’’

လဂွန်းအိမ်က မေးရမည့်ဉာဏ်စမ်းဥပဒေသကို သတိပေးလိုက်ခြင်းဖြစ်သည်။

“ဟုတ်ပါပြီ လဂွန်းအိမ်ရာ၊ မေးပြီနော် “အရေပြားက အခွံကိုဖုံး အခွံကအသားကိုဖုံးဆိုတာ ဘာလဲ” ဖြေပေတော့ကွာ”

ဗညား၏မေးခွန်းကို လဂွန်းအိမ်က အဝေးကိုငေးကာ စဉ်းစားနေသည်။ မန်ကျည်းပင်ကြီးအား ကျောမှီနေရာမှ ကိုယ်ကိုမတ်မတ်ထိုင်လိုက်ရင်း ဆက်ပြောလိုက်သည်။

“သူငယ်ချင်းမေးတဲ့ မေးခွန်းက “အရေပြားက အခွံကိုဖုံး အခွံကအသားကိုဖုံးဆိုတာဘာလဲ”လို့ မေးထားတာဆိုတော့ အဖြေကတော့ စဉ်းစားမိတာတွေများပါတယ်။ ဖြေရမယ့်အောက်လိုင်းက ရှိပြီးသားဆိုတော့ကွာ၊ အဖြေ...“အုန်းသီး” လို့ပဲ ဖြေလိုက်မယ်ကွာ’’

“စကောကရင် တိုင်းရင်းသားရိုးရာစကားထာ ဉာဏ်စမ်းတွေရဲ့ အဖြေအရတော့ မှန်ပါတယ်’’

“နေပါဦးကွ၊ ဘာတွေအရများ မမှန်ဘူးဆိုတာရှိရင် လင်းပါဦး”

“အဲဒီသဘော ပြောတာမဟုတ်ပါဘူး ဗညားရာ၊ အဖြေကမှန်ပါတယ်။ စကောကရင် တိုင်းရင်းသားရိုးရာ စကားထာဉာဏ်စမ်းတွေထဲကပဲဖြေဆိုထားလို့ မှန်တာလို့ပြောတာပါ”

လဂွန်းအိမ်၏စကားကြောင့် ဗညား၏ အစာမကျေသောလေသံဖြင့် ပြန်ပြောလာမှုကို လဂွန်းအိမ်က အကျေအလည် ပြန်လည်ရှင်းပြနေရခြင်းလည်းဖြစ်သည်။

“အေးပါ ပြီးရောလေ။ ငါမေးခွန်းထုတ်ရဦးမှာဆိုတော့ မေးခွန်းက “ကွင်းတစ်ကွင်း ကြည့်မဆုံးဆိုတာ ဘာများလဲ” ဖြေတော့ ဗညားရေ”

လဂွန်းအိမ်ကအပြုံးဖြင့် ပြောလိုက်ရာ ဗညားက ချက်ချင်းပင် အဖြေကို ပြန်ပြောလိုက်သည်။

“ဒီဉာဏ်စမ်းမေးခွန်းရဲ့ အဖြေက ရှင်းပြီးလွယ်ပါတယ်။ မေးခွန်းက “ကွင်းတစ်ကွင်း ကြည့်မဆုံး ဆိုတာ ဘာများလဲ” ဆိုတော့ အဖြေက “ကျောပြင်” လို့ပဲ ဖြေလိုက်မယ်ကွာ’’

ဗညား၏အဖြေကို မှန်ကန်ကြောင်းနှင့် ချီးကျူးစကားပြောနေစဉ်မှာပင် ဘုန်းကြီးကျောင်းမှ သံချောင်းခေါက်သံလေးချက် ထွက်ပေါ်လာရာ ညနေပိုင်းရေချိုးရန် ကြိုတင်အချက်ပေးသည့် သံချောင်းခေါက်သံ ဖြစ်နေသဖြင့် ဗညားနှင့် လဂွန်းအိမ်တို့ ဘုန်းကြီးကျောင်းပေါ်သို့ အပြေးတက်သွားကြတော့သည်။ ။

ဝတ္ထုတို

# ထာဝရအတွက်ပါ

လင်းမောင် (စီးပွားရေး)

ကြီးကျယ်ခမ်းနားသည့် ပုဂ္ဂလိကဆေးရုံကြီးတစ်ခု၏ ဝင်းအတွင်းသို့ ကားကိုကွေ့ဝိုက်ကာ ဝင်လိုက်သည်။ ဆေးရုံပေါ်တီကိုအောက်တွင် ကားရပ်ကာဆင်းလိုက်ပြီး တူတော်မောင်အား ကားကို အိမ်သို့သာ ပြန်မောင်းသွားစေလိုက်သည်။

"မင်းလာမယ်ဆိုလို့ ငါတို့စောင့်နေကြတာ"

ကျွန်တော့်ကို တွေ့တွေ့ချင်းမှာပင် ထွန်းထွန်းက လှမ်းပြောသည်။ သူနှင့်ကျွန်တော်က တစ်ရွာတည်းသားများဖြစ်ကြပြီး ဆွေမျိုးစပ်လျှင် အမျိုးတော်သေးသည်။

"ဘာဖြစ်လို့ ခွဲရတာလဲ"

"နှာခေါင်းမှာ အဖုတွေ့လို့၊ အဲဒီအဖုက ကြီးကြီးလာပြီး နှာခေါင်းတစ်ဖက်ပိတ်သလိုဖြစ်ရတာ။ ပြီးတော့ သွေးကလည်း ရံဖန်ရံခါ ထွက်ထွက်ကျလာလို့"

နှာခေါင်းခွဲစိတ်ရမည်ဟူသည့် သတင်းကြားထားခြင်းဖြစ်၍ မေးလိုက်ခြင်းဖြစ်သည်။ ယခု ခွဲစိတ်ခံရမည့်သူသည် ကျွန်တော်နှင့်လည်း ဆွေမျိုးတော်စပ်သည်။ တူမတစ်ဝမ်းကွဲ၏ သားဖြစ်နေခြင်းကြောင့် မြေးတစ်ဝမ်းကွဲတော်စပ်သည်ဟု ဆိုရပေမည်။ မည်သို့ပင်ဆိုစေကာမူ ကိုယ့်ရပ်ကိုယ့်ရွာမှ ရွာသားတစ်ဦးလည်းဖြစ် ဆွေမျိုးသားချင်းလည်းဖြစ်နေသည့်အတွက် အားပေးဝန်းရံမှုပေးရန် ဆေးရုံသို့ ရောက်ရှိလာရခြင်းဖြစ်သည်။

"အမျိုးတွေတောင့်တော့ ဝန်းရံတဲ့သူတွေမနည်းမနောပါလား၊ အားရှိတာပေါ့"

အနီးအနားမှ လူနာစောင့်တစ်ဦးက ပြောသည်။ ထိုသူပြောမှ သတိထားလိုက်မိတော့သည်။ ဝန်းရံမှုအတွက် လိုက်ပါလာကြသူများက ဆယ့်ငါးယောက်ခန့်ရှိလိမ့်မည်ဟု ထင်သည်။ လူနာ၏ ဖခင်ရော မိခင်ပါ ပါလာသည်။ မိခင်ဖြစ်သူက ပါးစပ်မှ တတွတ်တွတ်ဖြင့် ဘုရားစာ ရွတ်ဆိုနေလေသည်။

ကျွန်တော်ကား ပတ်ဝန်းကျင်ကို တစ်ချက်ဝေ့ဝိုက်ကြည့်လိုက်သည်။ ထွန်းထွန်း၏ သားတော်မောင် ဆရာဝန်လောင်းဖြစ်သူ တတိယနှစ် ဆေးတက္ကသိုလ်ကျောင်းသားလည်း လိုက်ပါလာတာ တွေ့ရသဖြင့် စပ်စုလိုက်သည်။

"သားက ဘာအထူးပြုယူထားသလဲ"

"ဒီနှစ်တစ်ဝက်တက်ပြီးမှ ဘာသာရပ်ခွဲမယ်ဦးရဲ့။ ဒီလထဲတော့ ကျောင်းစတက်ရတော့မယ်လေ"

ကျွန်တော်စပ်စုလိုက်သဖြင့် ထွန်းထွန်း၏ သားတော်မောင် ဆေးကျောင်းသားက ပြန်လည်ဖြေကြားလိုက်ခြင်းဖြစ်သည်။

ဆေးကျောင်းသား၊ ဆရာဝန်လောင်းတစ်ဦးသာ ကျွန်တော်တို့ ရွာသားများ၏မျိုးဆက်တွင် ထူးချွန်စွာ ထွက်ပေါ်လာခြင်းဖြစ်သဖြင့် ဂုဏ်ယူမိသည်။ ဆရာဝန်တစ်ယောက်ဖြစ်တဲ့အထိ ကြိုးစားသင်ယူရန် အားပေးစကားဆိုဖြစ်သည်။ ထွန်းထွန်းနှင့် မသီတာတို့၏ တစ်ဦးတည်းသောသားဖြစ်ခြင်းကြောင့်လည်း မိဘတို့အား ဆရာဝန်တစ်ယောက်၏ ဖခင်၊ မိခင်များ ဖြစ်လာကြတော့မည့်အရေး တွေးကာကြည်နူးမိသည်။

ဆေးကျောင်းသားတစ်ယောက်ဖြစ်လာရန်ကား မလွယ်ကူလှပေ။ တက္ကသိုလ်ဝင်တန်းရမှတ် ကောင်းမွန်မြင့်မားရမည့်အပြင် မိဘများကလည်း ဆေးတက္ကသိုလ်ကိုပြီးဆုံးအောင် ဆက်လက်ပညာသင်ကြားခွင့်ပေးနိုင်သည့် ငွေကြေးပြည့်စုံရန် လိုအပ်ပေသည်။ ထွန်းထွန်းကဖြင့် သားဖြစ်သူ ဆေးကျောင်းသားအတွက် ဟွန်ဒါဖစ်ကားတစ်စီးပင် ဝယ်ပေးထားပြီးဖြစ်ရာ ဘေးကနေ မုဒိတာပွားကာ ဝမ်းသာနေမိသည်။

ဆေးတက္ကသိုလ်သို့ ကိုယ်တိုင်ကားမောင်းကာ ကျောင်းတက်နိုင်သူဟူ၍ ကျွန်တော်တို့ တစ်ရွာလုံးရှိ မိသားစုဝင်များအားလုံးတွင် ဦးတင်ညွန့်နှင့် ဒေါ်သန်းစိန်တို့၏မြေး ထွန်းထွန်းနှင့် မသီတာတို့၏ တစ်ဦးတည်းသောသားတစ်ယောက်သာ ရှိသေးသဖြင့် ကျွန်တော့်အနေဖြင့် ရွာအတွက် ဂုဏ်ယူမဆုံးဖြစ်ရသည်။

တစ်ချိန်တွင် ကျွန်တော်တို့ရွာသား မိသားစုဝင် ဆရာဝန်ကြီးဖြစ်လာပေမည်။ "အန်ကယ်က ဦးကိုကိုလင်းပါနော်"

အတွေးဖြင့် စိတ်အစဉ်က လွင့်ပါးနေစဉ် အသံလာရာသို့ ကြောင်အမ်းအမ်းဖြင့် ကြည့်လိုက်မိရာ မိန်းမငယ်တစ်ဦးဖြစ်နေသည်။

"ဟုတ်ပါတယ်ကွယ် ဟုတ်ပါတယ်"

"မေမေက မေးခိုင်းလို့ပါ။ မေမေက ကားထဲမှာရှိပါတယ်။ အန်ကယ် မေမေနဲ့ ခဏလောက် လိုက်တွေ့ပေးလို့ရမလားဟင်"

"သြော်- ဘယ်သူများပါလိမ့်၊ ရပါတယ်ကွယ် ရပါတယ်"

ပြောပြောဆိုဆိုနှင့် မိန်းကလေး၏ ခေါ်ဆောင်ရာနောက်သို့ ကျွန်တော်လိုက်သွားမိသည်။ မည်သူများပါလိမ့်ဟူသည့် အတွေးက ကျွန်တော့်စိတ်ကို စိုးမိုးနေတော့သည်။

"ကိုလင်း နေကောင်းတယ်နော်" ကား၏အနားသို့ ရောက်ရောက်ချင်းပင် စတင်နှုတ်ဆက်လာသူအား ကျွန်တော်ကြည့်လိုက်မိသည်။

"နန်း ..။ နန်း ဟုတ်ပါတယ်နော်။ ကျွန်တော်နေကောင်းပါတယ်ဗျာ"

ကျွန်တော့်ရင်တစ်ခုလုံး ဗလောင်ဆူသွားရတော့သည်။ ဘယ်သောအခါမှ မတွေ့ရတော့ပြီဟု မှတ်ယူထားခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာညောင်းခဲ့ပြီဖြစ်သည်။

"ပြန်ရောက်နေတာလား"

"ဟုတ်တယ် ကိုလင်းရေ။ ပြန်ရောက်တာတောင် လေးငါးနှစ်ရှိနေပြီလေ၊ စောစောက ကိုလင်းကိုလာမေးတာ နန်းရဲ့ တစ်ဦးတည်းသော သမီးလေးပေါ့"

နန်းခေါ် ဒေါ်နန်းနုနုထွေးက ပြောပြောဆိုဆို ကားပေါ်မှဆင်းလာပြီး ကားကိုမှီလျက်ရပ်နေသည်။ နန်း၏ သမီးတောင် ဒီအရွယ် ရောက်နေပြီဟူသည့်အတွေးက ခေါင်းထဲသို့ အလိုလိုရောက်လာရသည်။

"ဒီတစ်သက် ပြန်မတွေ့ရတော့ဘူး ထင်နေတာ"

ကံမကုန်လို့ ပြန်ဆုံကြတာပေါ့ ကိုလင်းရယ်။ ဒါနဲ့ ကိုလင်းက ဒီကို ဘာကိစ္စနဲ့လာတာလဲ"

"ကိုယ့်ရဲ့ မြေးတစ်ယောက် နှာခေါင်းခွဲစိတ်တာပါ။ လာပြီးဝန်းရံပေးတာဆိုပါတော့"

"ဟယ်...မြေးတောင်ရနေပြီလား၊ တယ်စွံပါလား"

"တူမတစ်ဝမ်းကွဲက မွေးတဲ့ မြေးတစ်ဝမ်းကွဲပါ နန်းရယ်။ ကိုယ်က ခုချိန်အထိ တစ်ကိုယ်တည်းပါ"။ "ဟောတော့ တကယ်ကြီးလား၊ ကိုလင်းရယ်" "နောက်စရာမှ မဟုတ်တာ နန်းရယ်၊ ကျွန်တော် တကယ်ပြောတာပါ"

နန်း၏မျက်ဝန်းမှာ ဝင်းပကြည်လင်သွားသည်။ နန်း၏အပြုံးတို့က ပိုမိုလန်းဆန်း အသက်ဝင်လာသည်ကို သတိထားလိုက်မိသည်။ ကျွန်တော့်ရင်မှာလည်း လှုပ်ခုန်လျက်ရှိလေသည်။

"နန်းတို့ သားအမိကကော..."

"ဟိုး- ဆရာ၊ ဒီဆေးရုံက နန်းတို့မိသားစုပိုင်တာလေ။ သမီးက အမေရိကားကနေ ဆေးရုံစီမံခန့်ခွဲမှုဘာသာရပ်နဲ့ မာစတာရထားတာ"

ကျွန်တော် ခေါင်းတဆတ်ဆတ်ညိတ်ရင်း ဆက်လက်ပြောစရာစကားစကို မနည်းရှာဖွေနေရသည်။ နန်းက စီးပွားရေးတက္ကသိုလ်မှာတုန်းက စတားဖြစ်ခဲ့သူ။ ကျွန်တော်နှင့် ရင်းနှီးကျွမ်းဝင်ရာက ချစ်သူတွေအထိ ဖြစ်ခဲ့ကြသည်။ တက္ကသိုလ်တွင် အရိုးရှင်းဆုံး၊ အသန့်ရှင်းဆုံး ချစ်သူစုံတွဲအဖြစ် လူသိများနာမည်ကြီးခဲ့သည်။ ကျောင်းပြီးသည့်အခါ နန်းက အမေရိကားသို့ မိသားစုနှင့်အတူ အပြီးထွက်ခွာသွားခဲ့ရသည်။ ကျွန်တော့်ကိုပါ တစ်ပါတည်းလိုက်ခဲ့ရန် ခေါ်သော်လည်း အမေတစ်ခုသားတစ်ခုဘဝတွင် ကျွန်တော် အချစ်နှင့်ဘဝကို စတေးခဲ့ခြင်းဖြစ်လေသည်။

"ဦးရေ ခွဲစိတ်ခတွေရော၊ ဆေးရုံစရိတ်တွေရော ရှင်းပြီးပြီတဲ့။ စရန်ပေးထားတဲ့ငွေတွေပါ ပြန်အမ်းပေးလိုက်တယ်။ အဲဒါ ဦးများ ရှင်းပေးလိုက်တာလားလို့"

"ဦးရှင်းပေးလိုက်တာတော့ မဟုတ်ဘူး။ ဦးရဲ့မိတ်ဆွေ ရှင်းပေးလိုက်တာဖြစ်မယ်။ သူက ဒီဆေးရုံကြီးရဲ့ ပိုင်ရှင်လေ"

ကျွန်တော် နန်းကိုကျေးဇူးတင်ကြောင်း သွားပြောသည့်အခါ အပြုံးဖြင့်ဆီးကြိုရင်း "ကိုလင်းနဲ့ ပတ်သက်လာရင် တံခါးမရှိပါဘူးနော်။ ထာဝရ ဝင်ထွက်သွားလာပါ ကိုလင်းရယ်။ ထာဝရအတွက်ပါ"ဟု ပြန်ပြောလာသည်။

ကျွန်တော့်အနေဖြင့် ပြန်ပြောစရာစကား တစ်စုံတရာပင် မရှိတော့ပါတကား။

# "ဝ" တိုင်းရင်းသားအစားအစာ

မနုဿဝင်းမော်

## "ဝ" ဆန်ပြုတ်နှင့် "ဝ" ခေါင်ရည်

"ဝ"တိုင်းရင်းသားသွေးချင်းတို့၏ ရိုးရာအစားအစာအဖြစ် "ဝ" ဆန်ပြုတ်၊ "ဝ" ခေါင်ရည်၊ တနဲ့နှင့် စနဲ့ ပဲပုပ်၊ တို့ဟူး(လန့်ဖန်း)၊ ခေါ်ပုပ်၊ ကောက်ညှင်းထုပ်၊ မုန့်ဆီကြော် စသည်ဖြင့်ရှိလေသည်။ အဆိုပါရိုးရာအစားအစာများအနက် အထင်ရှားဆုံးမှာ "ဝ" ဆန်ပြုတ်ဖြစ်ကြောင်း သိရသည်။

"ဝ" ဆန်ပြုတ်သည် "ဝ" တိုင်းရင်းသားတို့အတွက် အဓိကအကျဆုံးနှင့် နှစ်သက်မှုအရှိဆုံးလည်းဖြစ်သည်။ ယင်းဆန်ပြုတ်နှင့် အတူတွဲလျက် ခေါင်ရည်သောက်ကြသည့် ဓလေ့ရှိသည်။ ခေါင်ရည်မှာ မရှိမဖြစ်သည့် ရိုးရာသောက်သုံးစရာတစ်ခုလည်း ဖြစ်သည်။

ထို့အပြင် "ဝ" တိုင်းရင်းသားအကြီးအကဲများနှင့် ငွေကြေးတတ်နိုင်သူများက "ဝ"ဆန်ပြုတ်နှင့် အတူတွဲလျက် အသားသုပ်ကိုပါ တွဲဖက်စားသုံးကြသည်။

အသားသုပ်ဟူသည်မှာ ကြက်သား၊ ဝက်သား၊ အမဲသား စသည်တို့ကို စားကောင်းအောင် အသုပ်ပြုလုပ်စားသောက်ကြခြင်း ဖြစ်သည်။

အသားသုပ်ပြုလုပ်ရာမှာ မိမိတို့နှစ်သက်ရာ အသားကို ပြုတ်၍ မျှင်ပြီးလျှင် ချင်းနှင့်ကြက်သွန်ဖြူထောင်းကာ အမွှေးအကြိုင်အရွက်များဖြင့် ရောနှာသုပ်ထားသည့် အသားသုပ်ဖြစ်သည်။ ယင်းအသားသုပ်ကို "ဝ"တိုင်းရင်းသားသွေးချင်းတို့ အကြိုက်တွေ့ကြကြောင်း သိရသည်။

"ဝ"ဆန်ပြုတ်ချက်ရာတွင် ငရုတ်သီးနှင့် နံနံပင်၊ ပူဒီနာ စသည့် အမွှေးအကြိုင်အရွက်များကလည်း မရှိမဖြစ်လိုအပ်ပေသည်။ "ဝ" တိုင်းရင်းသားတို့သည် "ဝ" ဆန်ပြုတ်ကို ငရုတ်သီးစပ်စပ်ဖြင့် ချက်စားကြလေ့ရှိသည်။ "ဝ" ဆန်ပြုတ်ချက်ရာတွင် ဆန်ကို အဓိကမထားဘဲ အသားကိုသာ အဓိကထား၍ ထည့်ကြသည်။

သို့သော် ငွေကြေးမတတ်နိုင်သူများက ဆန်ကို များများထည့်ပြီး အသားထည့်ရမည့်နေရာတွင် ပဲပုပ်ကို မီးဖုတ်၍ ခြေပြီးထည့်ကြသည်။ ထို့နောက် မုန်ညင်း၊ ရွှေဖရုံရွက်၊ မျှစ်ချဉ်၊ ငရုတ်သီး၊ ချင်း၊ ကြက်သွန်ဖြူ၊ နံနံပင်၊ ပူဒီနာ စသည့် ဟင်းခပ်အမွှေးအကြိုင်အရွက်များ၊ တောငှက်ပျောပင်၏ အူတိုင်အတွင်းမှ အနုသားကို ပါးပါးလှီးထည့်ပြီး ဘိန်းစေ့ကိုလှော်၍ ထောင်းကာထည့်ကြသည်။

"ဝ" ဆန်ပြုတ်၏ထူးခြားချက်မှာ အခြားရိုးရိုးဆန်ပြုတ်များကဲ့သို့ အရည်ကျဲကျဲပြုတ်ထားခြင်းမျိုးမဟုတ်ဘဲ ရေခြောက်ခြောက်ဖြင့် ခပ်ပျစ်ပျစ်ပြုတ်ထားခြင်းမျိုး ဖြစ်သည်။

"ဝ" တိုင်းရင်းသားသွေးချင်းတို့သည် "ဝ" ဆန်ပြုတ်နှင့် "ဝ" ခေါင်ရည်ကို တွဲဖက်သောက်သုံးကြလေရာ ခေါင်ရည်သည်လည်း မရှိမဖြစ်ရိုးရာသောက်သုံးစရာဖြစ်ကြောင်း သိရသည်။

"ဝ"ခေါင်ရည်မှာ "ကွဲ" ခေါ် လူးဆပ်ကိုပြုတ်၍ အအေးခံပြီး စဥ့်အိုးထဲထည့်ကာ ရေစိမ်ထားရသည်။

အနည်းဆုံး ၁၅ ရက် ရေစိမ်ပြီးမှ အများဆုံး တစ်လမှသည် တစ်နှစ်အထိ ရေစိမ်ထားတတ်ကြသည်။ နှစ်ချို့ခေါင်ရည်မှာ ပိုမူးသည်ဟု သိရသည်။



"ဝ"တိုင်းရင်းသားတို့ပြုလုပ်သည့် ခေါင်ရည်အိုး။

စဥ့်အိုးအတွင်းမှ ခေါင်ရည်ကို ပုံးအတွင်းသို့ ပိုက်ဖြင့်သွယ်ယူရာတွင် လူးဆပ်အဖတ်များ မပါလာစေရန် ရေစစ်ဖြင့် စစ်ယူခြင်းမျိုးမဟုတ်ဘဲ ဝါးချောင်းကို ရေစစ်ကဲ့သို့ ပြုလုပ်ထားခြင်းဖြစ်သည်။

ဝါးချောင်းမှာ အဆစ်သုံးဆစ်ရှိပြီး ထိပ်ပိတ်အဆစ်ကို အပေါက်သေးသေး ဖောက်ထားသည်။ ကျန်အဆစ်များကို မီးဖုတ်ထားသောသံချောင်းဖြင့် ဖောက်ထားခြင်းဖြစ်သည်။ အပေါက်သေးသေး ဖောက်ထားသော ထိပ်ပိတ်အဆစ်အပေါ်ဘက်၌ တစ်ဖက်တွင် နှစ်ရစ်၊ ကျန်တစ်ဖက်တွင် သုံးရစ် ပြုလုပ်ခြင်းဖြင့် ကန့်လန့်အရစ်ကလေးများ ပြုလုပ်ထားသည်။

ယင်းဝါးချောင်းကို ပိုက်ဖြင့်ဆက်၍ စဥ့်အိုးထဲ ထည့်ပြီး လိုရာပုံးထဲသို့ သွယ်ယူရသည်။ အဆိုပါပုံးထဲမှ ခေါင်ရည်ကို ဝါးခွက်များဖြင့် ငှဲ့ထည့်ကာ သောက်သုံးခြင်းဖြစ်ကြောင်း သိရသည်။



"ဝ" တိုင်းရင်းသားတို့ ခေါင်ရည်သောက်သုံးသောခွက်များ။

"ဝ" တိုင်းရင်းသားသွေးချင်းတို့၏ ရိုးရာအစားအစာများမှ အထင်ရှားဆုံးနှင့် အနှစ်သက်ဆုံးဖြစ်သည့် "ဝ"ဆန်ပြုတ်နှင့် "ဝ" ခေါင်ရည်ပြုလုပ်နည်းအဆင့်ဆင့်တို့ကို မှတ်တမ်းပြုဖော်ပြလိုက်ရပါသည်။ ။

**ရည်ညွှန်း။ ။ "ဝ"တိုင်းရင်းသားများ၏ လူမှုစီးပွားရေးဘဝ၊ ပါမောက္ခ ဒေါ်တင်ရီနှင့် အဖွဲ့**

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




**ယမန်နေ့မှအဆက်**

အကယ်၍ အဝတ်အစားများကသာ ညစ်ပတ်ပေကျံမနေဘူးဆိုလျှင်၊ ခေါင်းတွင်မည်းညစ်နေသော မျက်နှာသုတ်ပဝါပွပွကြီးသာ ပေါင်းမထားဘူးဆိုလျှင် ထိုမိန်းကလေး၏ရုပ်သွင်မှာ အကြည့်ဆိုးလိမ့်မည်မထင်။ သူ၏အသွင်အပြင်မှာ အဝတ်အဆင်ကြောင့်သာမဟုတ်ပါက ဖုန်းတောင်းယာစကာဟု ထင်မှတ်ရဖွယ်မရှိ။ အသားလတ်လတ်၊ မျက်နှာဝိုင်းဝိုင်း၊ မျက်လုံးကြည်ကြည်ကလေးနှင့်။ ကြည့်ပျော်ရှုပျော်ရှိသောရုပ်မျိုးပင်။

သူတို့မြေးအဘိုးသည်ရေပန်းအစားဆုံးဖြစ်သော ခေတ်ပေါ်သီချင်းတစ်ပုဒ်ကို သီဆိုကြသည်။ မိန်းကလေး၏အသံမှာ မဆိုးလှ။ တယောသံမှာလည်း နာပျော်ဖွယ်ရှိသည်။ စည်းဝါးနှင့် ဌာန်ကရိုဏ်းကျနသည်။

သီချင်းဆုံးသောအခါ မိန်းကလေးသည် “ဘုရားအလောင်း မာဒင်္ဂပင်ဝိပါက ဝဋ်ကြွေးကြောင့် ဖုန်းတောင်းယာစကာဖြစ်ခဲ့ဖူးကြောင်း” အစချီကာ ကရုဏာသက်စဖွယ် ပြောဆိုတောင်းရမ်း သည်။

ယင်းအချိန်တွင် မီးရထားသည် ဘူတာတစ်ခု၌ ဆိုက်ကပ်မိသည်။

အမှတ်မထင်ဆိုသလို တင်တင်ရီသည် မီးရထားပြတင်းပေါက်မှ ပြင်ပသို့ကြည့်မိသည်။ တင်တင်ရီ၏ရင်မှာ ဆတ်ဆတ်ခါမျှ လှုပ်ရှားသွားရသည်။

သူမြင်ရသောအရာမှာ-

ခင်မောင်စိုး။

ခင်မောင်စိုးသည် တစ်ယောက်တည်းမဟုတ်။ အထီးတည်းမဟုတ်။ ရဲသားအချို့ကို ဦးဆောင်လာသည်။ မီးရထားရောက်အလာကို ဘူတာမှ ကြိုစောင့်နေပုံရသည်။ သူစောင့်နေသူမှာ မိမိမှတစ်ပါး အခြားသူမဖြစ်နိုင်ကြောင်း တင်တင်ရီ သိသည်။

သူသည်တင်တင်ရီအိမ်မှထွက်ပြေးသွားကြောင်း တစ်နည်းနည်းဖြင့် သိခဲ့ပုံရသည်။ လမ်းမှ ဆီးကြိုဖမ်းဆီးလိုပုံပေါ်သည်။

တင်တင်ရီ၏ အတွေးမှန်ကြောင်း ထိုဘူတာမှ တက်လာသောသူတစ်ဦး၏စကားအရ ထင်ရှားလာသည်။

မီးရထားတွဲပေါ်မှ လူအချို့ကပြောသည်။

“ရဲတွေပါလား။ ဘိန်းချမယ့်သတင်းကြားလို့နဲ့တူတယ်”

ထိုအခါ ဘူတာမှတက်လာသူ -

“မဟုတ်ဘူးဗျ။ မိန်းကလေးတစ်ယောက်ကို ရှာတာ။ အိမ်ကထွက်ပြေးသွားလို့တဲ့။ ရွှေတွေငွေတွေ အများကြီးပါသွားသတဲ့”

ရုတ်တရက်တွင် တင်တင်ရီသည် ဘာလုပ်ရမည် မသိတတ်နိုင်သလို ရှိသည်။ အစဉ်းစားရခက်သည်။ အတွေးရကျပ်သည်။ တစ်ခုပဲရှိသည်။ ခင်မောင်စိုး၏လက်အတွင်း မည်သည့်နည်းနှင့်မျှ မကျရောက်လိုခြင်းဖြစ်သည်။

မီးရထားသည် ဘူတာမှခွာသည်။ တော်ပါသေးသည်။ ခင်မောင်စိုးတို့က အခြားသောတွဲတစ်တွဲသို့ တက်သွားသည်။

သူတို့သည် တစ်တွဲပြီးတစ်တွဲ ကူး၍ရှာဖွေလာမည်မှာ သေချာသည်။ သည်မီးရထားတွင် တင်တင်ရီ ပါလာမည်ကို အတပ်သိခဲ့ပုံရသည်။ တင်တင်ရီ၏ သူငယ်ချင်းထံမှ သိဖို့ရန်မလွယ်ကူ။ သူငယ်ချင်းသည် နှုတ်လုံသူဖြစ်သည်။ တင်တင်ရီ ဘူတာအဆင်းတွင် တစ်စုံတစ်ယောက်က တွေ့သွားခဲ့ပေလိမ့်မည်။ ထိုသူက ပြောပြခဲ့ခြင်းမျိုးဖြစ်နိုင်သည်။

တင်တင်ရီသည် မီးရထားပေါ်မှ ခုန်ချလျက် ချန်နေရစ်ခဲ့ချင်သည်။ ထိုအထိ မဝံ့ရဲသည်ကို ဒေါသဖြစ်မိသည်။

ပြတင်းပေါက်မှ လှမ်းကြည့်သည်။ ရဲသားများနှင့် ခင်မောင်စိုးတို့သည် မီးရထားသွားနေဆဲမှာပင် မီးရထားတွဲ အတက်အဆင်းလက်ကိုင်ကွင်းများကို အားပြုလျက်တစ်တွဲမှသည်တစ်တွဲသို့ကူးလာကြောင်း တွေ့ရသည်။ တင်တင်ရီရှိရာတွဲနှင့် နီးကပ်လာပြီ။

တင်တင်ရီ၏ရင်မှာ ပို၍ ခုန်လာရလေပြီ။ တစ်ကိုယ်လုံး တဆတ်ဆတ်တုန်ချင်မတတ် ရှိလာရပေပြီ။

ယင်းအခိုက်မှာပင် တင်တင်ရီ၏အပါးသို့ သူတောင်းစားမကလေး ရောက်လာသည်။ တင်တင်ရီရှေ့သို့ ခွက်ထိုးခံသည်။ တင်တင်ရီသည် ပိုက်ဆံမထည့်မိ။ မိန်းကလေးကိုသာ ကြောင်၍ကြည့်နေမိသည်။

“အစ်မရယ်၊ သဒ္ဓါတတ်အား၊ နည်းများမဆို စွန့်ကြဲပါ”

တင်တင်ရီတွင် အကြံတစ်ခု လက်ခနဲရလာသည်။ ကိုယ်ကိုကျောမှီနှင့် ဆတ်ခနဲခွာလိုက်မိသည်။ ထိုင်ရာမှ ထရပ်လိုက်သည်။ သူ၏အပြုအမူကြောင့် ရှေ့မှမိန်းကလေးပင် လန့်ဖျပ်သွားရသည်။

တင်တင်ရီသည် သူတောင်းစားမလေး၏လက်ကို

**“မီးရထားသည် ဘူတာတစ်ခု၌ ဆိုက်ကပ်မိသည်။**
**အမှတ်မထင်ဆိုသလို တင်တင်ရီသည် မီးရထားပြတင်းပေါက်မှ**
**ပြင်ပသို့ကြည့်မိသည်။ တင်တင်ရီ၏ရင်မှာ ဆတ်ဆတ်ခါမျှ လှုပ်ရှားသွားရသည်။**
**သူမြင်ရသောအရာမှာ ခင်မောင်စိုး။**
**ခင်မောင်စိုးသည် တစ်ယောက်တည်းမဟုတ်။ ရဲသားအချို့ကို ဦးဆောင်လာသည်။**
**မီးရထားရောက်အလာကို ဘူတာမှ ကြိုစောင့်နေပုံရသည်။**
**သူစောင့်နေသူမှာ မိမိမှတစ်ပါး အခြားသူမဖြစ်နိုင်ကြောင်း**
**တင်တင်ရီသိသည်။ လမ်းမှ ဆီးကြိုဖမ်းဆီး . . .”**

ဆွဲလိုက်သည်။ လူရှင်းရာ အိမ်သာခန်းဘက်သို့ ဆွဲခေါ်ခဲ့သည်။ သူတောင်းစားမလေးမှာ ရုန်းကန်ရန် သတိမရနိုင်လောက်အောင် အံ့သြထိတ်လန့်စွာဖြင့် တင်တင်ရီ၏နောက်မှ ပါခဲ့သည်။ အိမ်သာခန်းအနီးသို့ ရောက်လာသည်။

“ကိုယ့်ကို ကူညီပါလားကွယ်။ ကိုယ်မင်းကို ပိုက်ဆံအများကြီးပေးမယ်”

တင်တင်ရီ အရေးတကြီးဆိုသည်။

“ကျွန်မ ဘာကူညီရမှာလဲဟင်”

သူတောင်းစားမလေးမှာ ချောက်ချားနေဆဲ။

“ကိုယ့်အကြောင်း အတိုချုပ်ပြောပြမယ်။ ကိုယ် အိမ်ကထွက်ပြေးလာတာ။ အခု ကိုယ့်ကို အိမ်က မီးရထားတွဲတွေမှာ လိုက်ရှာနေကြတယ်။ ကိုယ့် အိမ်ကိုမပြန်ချင်ဘူး။ ကိုယ်ပါလို့ သူတို့မသိအောင် ရုပ်ဖျက်ချင်တယ်။ ဒီတော့ မင်းနဲ့ကိုယ် အဝတ်ချင်းလဲဝတ်ရအောင်၊ နေရာချင်းလဲကြရအောင် ဟုတ်လား”

တင်တင်ရီ၏စကားကို မိန်းကလေး အတော်ချည်းနားလည်အောင် ကြိုးစားရပုံပေါ်သည်။ တွေ၍ စဉ်းစားနေသည်။

“လုပ်ပါကွယ်။ ဒီတစ်ခုတည်းကူညီပါ။ ဟုတ်လား”

တင်တင်ရီမှာ ကသောကမျောနိုင်နေသည်။

“မင်းအဝတ်အစားတွေ ကိုယ်ဝတ်ထားမယ်။ မင်းနေရာမှာ ကိုယ်နေမယ်။ မင်းက ကိုယ့်အဝတ်အစားတွေဝတ်ပြီး ကိုယ့်နေရာမှာ ထိုင်နေရုံပဲ။ မင်းမှာ ဘယ်လိုအန္တရာယ်မှ မတွေ့စေရဘူး။ ဘာမှလည်း ကြောက်စရာမလိုဘူး။ ဒီအတွက် မင်းကို ပိုက်ဆံအများကြီးပေးမယ်”

သည်တော့မှပင် မိန်းကလေးက တင်တင်ရီ၏ ဆိုလိုချက်ကို သဘောပေါက်မိဟန်တူသည်။

“အစ်မက ငွေဘယ်လောက်ပေးမှာလဲဟင်”

“တစ်ဆယ်”

“တစ်ဆယ်ပဲလား”

သူဈေးကိုင်နေသေးသည်။

“နှစ်ဆယ်”

မိန်းကလေးက သဘောတူကြောင်း ပြုံး၍ ခေါင်းညိတ်ပြသည်။

သို့ဖြင့် တင်တင်ရီနှင့် သူတောင်းစားမကလေးတို့ အိမ်သာခန်းအတွင်း ဝင်ခဲ့ကြသည်။ အဝတ်ချင်းလဲလှယ်ဝတ်ဆင်ကြသည်။ များမကြာမီမှာပင် အသွင်တစ်မျိုးဖြင့် အိမ်သာခန်းအတွင်းမှ ထွက်လာခဲ့ကြသည်။

တင်တင်ရီသည် စုတ်ပြဲနံစော်နေသော အဝတ်များကို ဝတ်ထားသည်။ ခေါင်းတွင် မျက်နှာသုတ်ပဝါကို ပေါင်းထားသည်။ သူတောင်းစားမလေးမှာမူ တင်တင်ရီတွင် ရှိသမျှ အဝတ်အစားများအနက် အကောင်းဆုံးဖြစ်သောအဝတ်အစားကို ဝတ်ထားသည်။

အိမ်သာခန်းမှန်တွင် ကြည့်မိစဉ်က တင်တင်ရီသည် ကိုယ့်ကိုယ်ကိုယ် မမှတ်မိနိုင်လောက်အောင် ရုပ်ပြောင်းသွားကြောင်း တွေ့ရသည်။ သူတောင်းစားမလေးမှာလည်း မဝတ်စဖူး အဝတ်များကိုဝတ်ကာ သူ့ကိုယ်သူ အရိပ်တကြည့်ကြည့် ဖြစ်နေသည်။

အိမ်သာခန်းမှ အထွက်တွင် မိမိကိုယ်၌ တစ်စုံတစ်ခုလိုနေ၍ သူတောင်းစားမလေးမှာ တစ်စုံတစ်ခု ပိုနေသည်ဟု တင်တင်ရီထင်သည်။ ထို့ကြောင့် စစ်ဆေးကြည့်ရာ တောင်းရာတွင်အသုံးပြုသော သတ္တုခွက်သူတောင်းစားမလေး၏ လက်တွင်ပင် ရှိနေသေးကြောင်း တွေ့ရသည်။ ။

တင်တင်ရီသည် စိတ်လှုပ်ရှားနေရသည့် အကြားမှ ရယ်ချင်စိတ်ပေါ်လာမိသေးသည်။ သတ္တုခွက်ကို ဆွဲယူလိုက်သည်။

ယင်းအခိုက်တွင် ခင်မောင်စိုးတို့လူသိုက် တင်တင်ရီတို့တွဲသို့ ရောက်ရှိလာကြပြီ ဖြစ်လေသည်။

သူတောင်းစားမလေးမှာ အကင်းပါး၍ ရဲရင့်ဟန်တူသည်။

တင်တင်ရီ၏ထိုင်ခုံတွင် အမြိုင့်သား ဝင်ထိုင်သည်။ စောစောက တင်တင်ရီဖတ်ရန်ထားသော စာအုပ်ကို အကျအနကိုင်ထားသည်။

တင်တင်ရီသည်လည်း သူတောင်းစားအဘိုးကြီး နံဘေးကြမ်းပြင်တွင် ကျုံ့ကျုံ့ယုံ့ယုံ့ ထိုင်ချလိုက်ရသည်။ မျက်နှာကို မမြင်သာစေရန် တတ်နိုင်သမျှ ငုံ့ထားရသည်။

ခင်မောင်စိုးတို့ရောက်လာသည့်အတွက် လူတို့၏ အာရုံသည် သူတို့အပေါ်၌ ကျရောက်သွားသည်။ သူတို့ကိုသာ ကြည့်နေကြသည်။ တင်တင်ရီတို့ကို ဂရုမစိုက်အားခဲ့။ ငိုက်မျဉ်းနေကြသူများလည်း လန့်နိုးလာသည်။

မည်သို့ပင်ဆိုစေ တင်တင်ရီမှာ တုန်လှုပ်လျက် ရှိရသည်အမှန်။ ချောက်ချားမှုသည် သူ၏စိတ်အစဉ်ကို စိုးမိုးထားသည်။ ရင်မှာလည်း တထိတ်ထိတ်ခုန်နေဆဲ။

ခင်မောင်စိုးသည် ရထားတွဲပေါ်ရှိ လူတကာ၏ မျက်နှာကို စေ့စေ့စပ်စပ်ကြည့်သည်။ အထူးသဖြင့် သည်ရထားတွဲပေါ်ရှိ လူတို့အနက် အငယ်ရွယ်ဆုံးဖြစ်သော၊ တင်တင်ရီနှင့် နေရာလဲထားသော သူတောင်းစားမကလေးကို သတိထား၍ အကြည့်ဆုံးဖြစ်သည်။ ဤသည်ကို တင်တင်ရီသည် ခေါင်းငုံ့ထားရာမှ တိတ်တခိုးကြည့်ရင်း မြင်ရသည်။

တင်တင်ရီကိုမူ သူ လှည့်စောင်း၍ပင်မကြည့်။ တကယ် တမ်း သူတောင်းစားဟု အထင်ရောက်ဟန်ရှိသည်။

ခင်မောင်စိုးသည် တွဲအစမှသည် အဆုံးတိုင်အောင် ကြည့်ပြီးနောက် စိတ်ပျက်လက်ပျက်ဖြစ်ရဟန်ဖြင့် သက်ပြင်းရှိုက်လိုက်သည်။ စင်စစ်သည်ရထားတွင် လူစီးတွဲအနေနှင့် သည်တွဲမှာ နောက်ဆုံးတွဲဖြစ်သည်။ နောက်တွင် ဂါတ်ဗိုလ်တွဲသာ ကျန်တော့သည်။ သို့ဖြစ်၍ စိတ်ပျက်သွားခြင်းပင်ဖြစ်မည်။

သူ့ထက်စိတ်ပျက်ရသူမှာ တင်တင်ရီဖြစ်သည်။

အကယ်၍ နောက်တွင် မီးရထားတွဲကျန်သေးသည်ဆိုပါက သည်တွဲကိုရှာပြီးလျှင် သူတို့အခြားတွဲသို့ ကူးသွားမည်မှာ သေချာသည်။ ယခုမူ နောက်ဆုံးတွဲဖြစ်၍ သူတို့မကူးကြတော့။ သည်တွဲမှာပင် သောင်တင်နေသည်။

သူတို့ရှိနေသမျှ တင်တင်ရီ မျက်နှာမဖော်ရဲ။ စိတ်ထဲမှာလည်း ကျဉ်းကျပ်လာသည်။

**ဆက်လက်ဖော်ပြပါမည်။**

ဆရာမောင်သိန်းဆိုင်၏ “ရေနံ့သာ ခင်ခင်ကြီး” စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒ ဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကတ်သုံးပုံ မြန်မာပါဠိနှင့် ရှိမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၂၂၃ ဆူ | ၄၉၇ ဆူ |
| ၂။ | ခမ္ဘာရုံ(၂၁၃× ၉၀ × ၄၆)ပေ | ၄၀၀၀၀ | ၁ လုံး | ၁၃၀၀၀ သိန်း | ၂၇၀၀၀ သိန်း |
| ၃။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၅ ပေ) | ၄၃၂၀. ၀၀ | ၁ ခု | - | ၁ ခု |
| ၄။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၅။ | High Mast မီးတိုင် (၂၀ မီတာ)၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၆။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၇။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၄၄ ခန်း | ၄၁၁ ခန်း |
| ၈။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၃၀ တိုင် | ၂၀ တိုင် |
| ၉။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၀၆ တိုင် | ၇၄ တိုင် |
| ၁၀။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၉၀ ခု | ၅၆၂ ခု |
| ၁၁။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၃၃ ကျင်း | ၂၀၈၆. ၅၃ ကျင်း |
| ၁၂။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၁၆ ကျင်း | ၂၀၂. ၁၄ ကျင်း |
| ၁၃။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၄ ကျင်း | ၅၈၉၆. ၆၆ ကျင်း |
| ၁၄။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၁၀၀ ကျင်း | ၁၆၃၆. ၀၈ ကျင်း |
| ၁၅။ | မုစလိန္ဒအိုင် | ၁၀၅၁၉. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂) စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅) သိန်း | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၆။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၃၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅
**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

## အလှူငွေများထည့်ဝင်လှူဒါန်းထားသည့် အလှူရှင်ဘုရားဒါယကာ၊ ဒါယိကာမများစာရင်း

**၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလအလှူရှင်စာရင်း**

| စဉ် | အမည် | မြို့ | အလှူငွေ (ကျပ်) |
|---|---|---|---|
| ၂၃၅၉။ | နေပြည်တော်ကောင်စီနှင့် နေပြည်တော်ကောင်စီရှိ ဌာနဆိုင်ရာများမှ အရာထမ်း/အမှုထမ်းများ (ကျောက်စာရုံစေတီ-၁ ဆူလှူဒါန်း) | နေပြည်တော် | ၂၇၉၀၀၀၀ |
| ၂၃၆၀။ | ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်နှင့်ဇနီး ဒေါ်ပန်းအိဖြူသာ မိသားစု (ကျောက်စာရုံစေတီ-၁ ဆူ တတိယအကြိမ်လှူဒါန်း) | နေပြည်တော် | ၁၀၀၀၀၀၀၀ |
| ၂၃၆၁။ | ဗိုလ်မှူးကြီးတင်မောင်ညွန့်(ငြိမ်း)နှင့်ဇနီး ဒေါ်ခင်ညွန့်ဝေ မိသားစု (ကျောက်စာရုံစေတီ-၁ ဆူ စတုတ္ထအကြိမ်လှူဒါန်း) | နေပြည်တော် | ၂၅၀၀၀၀၀ |
| ၂၃၆၂။ | ဦးအောင်ဝင်းခိုင်နှင့် ဇနီး ဒေါ်ကြူကြူဝင်း သား၊ သမီး၊ မြေးမိသားစု(ဟုန်မိသားစု) (ကျောက်စာရုံစေတီ-၉ ဆူ ပထမအကြိမ်လှူဒါန်း) | မန္တလေးမြို့ | ၁၅၀၀၀၀၀၀ |
| ၂၃၆၃။ | နှစ်ဖက်ဘိုးဘွားမိဘများအား ရည်စူး၍ ဦးကျော်ဇေယျနှင့်ဇနီး ဒေါ်တင်တင်အေး (သားများဖြစ်ကြသော)မောင်အောင်စည်ဟိန်းနှင့်ဇနီး မရတနာပွင့်၊ မောင်သီဟစိုး၊ မောင်ဇေယျတင်ထွဋ်(မြေးများဖြစ်ကြသော) မောင်ကောင်းဆက်ဟိန်း၊ မသဒ္ဓါရှင်းသန့်မိသားစုကောင်းမှု (ကျောက်စာရုံစေတီ-၁ ဆူ တတိယအကြိမ်လှူဒါန်း) | ရန်ကုန်မြို့ | ၇၉၀၀၀၀ |
| ၂၃၆၄။ | နှစ်ဖက်သောမိဘများအား ရည်စူး၍ ဗိုလ်မှူးအုန်းမြင့်(ငြိမ်း)နှင့်ဇနီး ဒေါ်မြင့်ခိုင်မိသားစုကောင်းမှု (ကျောက်စာရုံစေတီ-၁ ဆူ၊ မြန်မာမှုတစ်ဖက်လှခြံစည်းရိုး-၁ ခန်း၊ မဟာရံတံတိုင်းထောင့်တိုင်-၁ တိုင်၊ လမ်းမီးတိုင်-၁ တိုင်လှူဒါန်း) | နေပြည်တော် | ၃၃၅၀၀၀၀ |
| ၂၃၆၅။ | ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ဦးဆောင်သည့် စေတနာရှင် ဌာနဆိုင်ရာ၊ ရဟန်းရှင်လူပြည်သူ(၇)ရက်သားသမီး (အနောက်ဘက်မုခ်လှေကား-၁ စင်းလှူဒါန်း) | ပဲခူးမြို့ | ၄၉၀၀၀၀၀၀ |
| ၂၃၆၆။ | ကွယ်လွန်သူဇနီး ဒေါ်စန်းသွင်အားရည်စူး၍ ခင်ပွန်းဖြစ်သူ ဦးတင်လှကောင်းမှု | ရန်ကုန်မြို့ | ၁၁၀၀၀၀ |
| ၂၃၆၇။ | ဦးကျော်စိုးဝင်းနှင့်ဇနီး ဒေါ်မြင့်မြင့်ဝင်းမိသားစု | နေပြည်တော် | ၁၀၀၀၀၀ |
| ၂၃၆၈။ | ဦးလှထွန်း၊ (ညီမ)ဒေါ်သန်းသန်းထွန်း၊ ဒေါ်မြင့်မြင့်ကျော် မိသားစု | နေပြည်တော် | ၂၀၀၀၀ |
| ၂၃၆၉။ | ဦးသန့်ဇင်ဦးနှင့်ဇနီး ဒေါ်မျိုးမမငယ် (သမီး) မအိဇင်မျိုး မိသားစု | မိတ္ထီလာမြို့ | ၅၀၀၀၀၀ |
| ၂၃၇၀။ | ဦးသောင်းရွှေနှင့်ဇနီး ဒေါ်လွန်းစိန်တို့အားရည်စူး၍ သား/သမီး/မြေး/မြစ် မိသားစုကောင်းမှု | ရန်ကုန်မြို့ | ၂၀၀၀၀၀ |
| ၂၃၇၁။ | ဦးထွန်းတင်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်း မိသားစု | ရန်ကုန်မြို့ | ၂၀၀၀၀၀ |
| ၂၃၇၂။ | မရွှေမုံ | နေပြည်တော် | ၅၀၀၀၀ |
| ၂၃၇၃။ | ဦးမျိုးဝင်း | မိတ္ထီလာမြို့ | ၁၂၀၀၀၀ |
| ၂၃၇၄။ | AKT အောင်ကျော်သိန်း (ပုံနှိပ်လုပ်ငန်းပိုင်ရှင်)၊ ကျေးဇူးရှင်ဖခင်ကြီး ဦးကျော်ခိုင်၊ မိခင်ကြီး ဒေါ်သိန်းနှစ်တို့အားရည်စူး၍ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်(နစကရုံး)၊ ဒေါ်မေရီခိုင် (သမီး)မနန္ဒာကျော်သိန်း၊ မသီရိကျော်သိန်း မိသားစုကောင်းမှု (စိန်တောင်စကျင်ကနုတ်-၁ ခုလှူဒါန်း) | နေပြည်တော် | ၇၀၀၀၀၀ |
| ၂၃၇၅။ | အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တပ်ရင်း/တပ်ဖွဲ့ မိသားစုများနှင့် အလှူရှင်များ | ခိုလမ်မြို့ | ၃၀၀၀၀၀၀၀ |
| ၂၃၇၆။ | ကွယ်လွန်သူ ဦးမျိုးမြင့်အား ရည်စူး၍ ဒေါ်ခင်ပြုံးရီ(ရွှေဝတ်မှုံမိသားစု)နှင့် ဒုတိယဗိုလ်မှူးကြီး မျိုးမင်းထွန်းနှင့်ဇနီး ဒေါ်သဲဝတ်မှုံ မိသားစုကောင်းမှု | မိုးကောင်းမြို့ | ၅၀၀၀၀၀ |
| ၂၃၇၇။ | ဦးအေးဝင်းထွန်းနှင့်ဇနီး ဒေါ်တင်မော်မော်(သား)မောင်ဇော်ဝင်းထွန်း(မြေး)မနန်းခင်ခွန်ဆင့်မိသားစု | ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၂၃၇၈။ | နှစ်ဖက်မိဘများအား အမှူးထား၍ ဒုတိယဗိုလ်မှူးကြီးကျော်လျှန်ဇာထွန်းနှင့်ဇနီး မထက်ဦးခင်(သမီး)မသွန်းထက်ငွေခြည် (ကြွေပြား-၁ ကျင်းလှူဒါန်း) | ပြင်ဦးလွင်မြို့ | ၂၀၀၀၀၀ |
| ၂၃၇၉။ | ဦးညီထွေး(သမီး)မဖြူဖြူလတ် | တပ်ကုန်းမြို့ | ၁၀၀၀၀၀ |
| ၂၃၈၀။ | ဦးကျော်နိုင်ဦးနှင့်ဇနီး ဒေါ်တင်တင်ဦး မိသားစုကောင်းမှု | နေပြည်တော် | ၄၂၀၀၀၀ |
| ၂၃၈၁။ | ဦးဝမ်းမောင်နှင့်ဇနီး ဒေါ်မေသူစံ (သမီး)မထက်ရတနာအောင် မိသားစု | နေပြည်တော် | ၁၀၀၀၀၀ |
| ၂၃၈၂။ | နှစ်ဖက်မိဘများအားရည်စူး၍ ဦးမြင့်သိန်းနှင့်ဇနီး ဒေါ်ငွေဦးခိုင် မိသားစုကောင်းမှု (Garden Light-၁ တိုင်လှူဒါန်း) | နေပြည်တော် | ၁၂၀၀၀၀ |
| ၂၃၈၃။ | ဦးကျော်ဇောနှင့်ဇနီး ဒေါ်သီသီနွယ်မိသားစု | ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၂၃၈၄။ | ဒေါ်တင့်တင့်ထွန်း | ရန်ကုန်မြို့ | ၁၂၀၀၀၀ |
| ၂၃၈၅။ | ဗိုလ်ကြီးညွန့်ဦးမိသားစု | ဘားအံမြို့ | ၁၂၀၀၀၀ |
| ၂၃၈၆။ | ဦးသောင်းဦးနှင့်ဇနီး ဒေါ်ရီရီဝင်း (သား)မောင်ကောင်းထက်ဇော် (သမီး)မစုမြတ်နိုလာ မိသားစု (လမ်းမီးတိုင်-၁ တိုင်လှူဒါန်း) | ရန်ကုန်မြို့ | ၁၀၀၀၀၀၀ |

## ဒေါ်အေးအေးသန်း
### အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၃)ရပ်ကွက်၊ ရတနာလမ်း၊ အမှတ်(၆၀၇)နေ (ဦးမောင်စိုး-ဒေါ်ခင်သန်း)တို့၏ သမီးကြီး၊ ဒေါ်ရီရီသန်း၊ ဒေါ်ဝင်းဝင်းစိုး၊ ဒေါ်နီနီစိုးတို့၏အစ်မကြီး၊ ဦးဝင်းမြင့်အေး (ရွှေတိဂုံစေတီတော်လုံခြုံ/မီးသတ်ဌာန)၊ ဒေါ်ခင်မို့မို့ထွေး၊ ဒေါ်ခင်ဖြူဖြူထွေး၊ ဦးသန်းကျော်မိုး-ဒေါ်အေးသီသီထွေး(မြင်းခြံ)၊ (ဦးဇေယျာထွေး)-ဒေါ်ခင်အေးမော်၊ ဦးကျော်စွာထွေး၊ ဦးဇော်မိုးအောင်-ဒေါ်အေးသိမ့်သိမ့်ထွေး (သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်၊ သန်လျင်)တို့၏မိခင်၊ မြေး ခုနစ်ယောက်၊ မြစ်တစ်ယောက်တို့၏အဘွား၊ ဦးလှထွေး(လေ-ငြိမ်း)၏ ချစ်လှစွာသောဇနီးသည် ၁၁-၅-၂၀၂၂ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် (၉၆)ပါးရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၁၃-၅-၂၀၂၂ (သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၇-၅-၂၀၂၂ (အင်္ဂါနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ကျင်လှ(ခ)ယူဟွန်
### (ကျောက်မြောင်း Mart)
### အသက်(၉၆)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ ကျောက်မြောင်းလမ်း၊ အမှတ်(၁၁၇/၁၁၉)နေ (ဦးမောင်စွမ်)၏ ချစ်လှစွာသောဇနီး၊ ဦးထိုက်စံ-ဒေါ်သန်းသန်းဝင်း၊ ဦးသိန်းလှ-ဒေါ်တာတာ၊ ဒေါ်မြင့်မြင့်စန်း-ဒေါက်တာအောင်သိန်း (Chairman အောင်ရတနာဆေးရုံ)၊ ဒေါ်မြင့်မြင့်သိန်း-ဦးဝမ်ကြည်၊ ဒေါ်အေးအေးသန်း-ဦးအောင်မြင့်(MD-အောင်ရတနာဆေးရုံ)၊ ဦးမြင့်သန်း-ဒေါ်စန်းစန်းလွင်၊ ဦးမြင့်သိန်း-ဒေါ်သီတာမြင့်၊ ဒေါ်ညွန့်ညွန့်မြိုင်-ဦးမြင့်နိုင်၊ ဒေါ်မိုးသူဇာ-ဦးမောင်မောင်၊ ဒေါ်ကျင်လန်း-ဦးစိုးလွင်၊ ဦးထွန်းလင်း-ဒေါ်စန်းစန်းမော်တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မြေး ၂၈ ယောက်တို့၏အဘွား၊ မြစ် ခုနစ်ယောက်တို့၏ အဘေးသည် ၁၀-၅-၂၀၂၂ (အင်္ဂါနေ့) ည ၇:၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၂၂(စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်း သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ရွှေမင်းဝန်တောရ ကမ္မဋ္ဌာန်းကျောင်းတိုက်၏

## ပဓာနနာယကဆရာတော် ဘဒ္ဒန္တဇာနေယျ
### (အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ၊ မဟာကမ္မဋ္ဌာနာစရိယ)
### သိက္ခာတော်(၆၂)ဝါ၊ သက်တော်(၈၂)နှစ်



ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ သစ်ဆိမ့်ကုန်းရပ်ကွက်၊ ရွှေမင်းဝန်တောရ ကမ္မဋ္ဌာန်းကျောင်းတိုက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ဇမ္ဗူအေးကျောင်းတိုက်၊ ဓမ္မမေဓိနီပရိယတ္တိ စာသင်တိုက်နှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ ဓမ္မမေဓိနီ ပရိယတ္တိစာသင်တိုက်နှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ဝေါမြို့နယ်၊ ကျိုက်လှကျေးရွာ၊ ဒက္ခိဏာရုံကျောင်းတို့၏ ဦးစီးပဓာနနာယကဆရာတော်ကြီး ဘဒ္ဒန္တဇာနေယျ(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာကမ္မဋ္ဌာနာစရိယ)သည် (၁၃၈၄ခုနှစ် ကဆုန်လဆန်း ၉ရက်) ၈-၅-၂၀၂၂ရက် ည ၇:၁၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၈၄ခုနှစ် ကဆုန်လပြည့်ကျော် ၁ ရက်) ၁၅-၅-၂၀၂၂ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် မင်္ဂလာဒုံမြို့နယ်၊ ရွှေမင်းဝန်တောရ ကမ္မဋ္ဌာန်းကျောင်းတိုက်၊ အန္တိမအဂ္ဂိစျာပန သာဓုကီဠနပူဇာဆင်ယင်ကျင်းပ၍ မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ လောင်တိုက်ဖြင့် မီးသင်္ဂြိုဟ် ပူဇော်သွားမည်ဖြစ်ပါကြောင်း ဆရာတော်ကြီး၏ တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများသိရှိစေရန် ကြေညာအပ်ပါသည်။

**စျာပနဖြစ်မြောက်ရေးကော်မတီ**

---

## ဦးအောင်သန်း
### ပြည်တွင်းရေကြောင်းပို့ဆောင်ရေး(ငြိမ်း)
### အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊ ရွှေဥဒေါင်းလမ်း၊ အမှတ်(၂၀)နေ (ဦးကျော်စိန်-ဒေါ်မြစိန်)တို့၏ သား၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရေတွင်းကုန်းရပ်ကွက်၊ (၁၁၈)လမ်း၊ အမှတ်(၂၈)နေ ဦးမြဝင်း-(ဒေါ်သိန်းမြင့်)တို့၏ သားသမက်၊ ဒေါ်ကြည်သိန်း၏ခင်ပွန်း၊ မဆုမြတ်ပြည့်စုံ (နိုင်ငံခြားရေး)တို့၏ဖခင် ဦးအောင်သန်းသည် ၁၀-၅-၂၀၂၂ ရက် ညနေ ၆:၃၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် မင်္ဂလာတောင်ညွန့်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၅-၂၀၂၂ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်မြတ်ဝင်း(ခ) Win Tun Sein
### အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၂)ရပ်ကွက်၊ ရန်အောင်လမ်းသွယ်(၂)၊ တိုက်(၂၉၅)၊ အခန်း(၂)နေ ဦးထွန်းစိန် (မိတ္ထီလာ)-ဒေါ်မြကြည်တို့၏သမီး၊ [ဦးဘသန်း (ညွှန်ကြားရေးမှူး-စက်မှု-ငြိမ်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)]၏ဇနီး၊ Capt. ကျော်စိုး (Norstar)၊ (ဒေါ်နှင်းပွင့်)၊ (ဦးထွန်းထွန်းခိုင်)-ဒေါ်မြမြမွန်၊ Capt. စိုးနိုင်(Norstar)-ဒေါ်ခွာညိုတို့၏မိခင်၊ မောင်မင်းသန့်ကျော်စိုး၊ မောင်မင်းသုခတို့၏ အဘွားသည် ၁၀-၅-၂၀၂၂ (အင်္ဂါနေ့) မွန်းလွဲ ၁၂:၄၀ နာရီတွင် (၉၆)ပါး သောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၂-၅-၂၀၂၂ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးကျော်နိုင် (ပဲခူး)
### အသက်(၆၄)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၁)ရပ်ကွက်၊ အမှတ်(၃၂)၊ စပယ်ခြံ (၁)လမ်းနေ ဦးရွှေရ-(ဒေါ်ခင်သန်း)တို့၏သား၊ ဒေါ်တင်အုန်းဝင်း၏မောင်၊ (ဦးမိုးဇော်)-ဒေါ်မော်မော်၊ ဦးဘိုဘိုကျော်-ဒေါ်ဆွေဆွေညွန့်တို့၏အစ်ကို၊ ကိုဇွဲပြည့်ဇော်-မစုစန္ဒီ၊ ကိုဘုန်းမြတ်ဘို၊ မမိုးအင်ကြင်း (ခေတ္တ-ဂျပန်)၊ ကိုဖုံးရဲဘိုတို့၏ ချစ်လှစွာသောဘကြီး ဦးကျော်နိုင်သည် ၇-၅-၂၀၂၂ (စနေနေ့) ညနေ ၃:၂၀ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၈-၅-၂၀၂၂ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်ဆွေအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးသိန်းထွန်း
### အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်နေ (ဦးမြတ်ကျော်-ဒေါ်ထွန်း)တို့၏ သား၊ (ဦးဝင်းကြည်)-ဒေါ်ကြည်တို့၏ညီ၊ (ဦးစိန်ဝင်း-ဒေါ်အေးသိန်း)၊ (ဦးတင်ထွန်း)-ဒေါ်စန္ဒာတို့၏ အစ်ကိုကြီး၊ (ဒေါ်လှလှ)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးမျိုးထွန်း-ဒေါ်မြသီတာထွန်း၊ ဦးဇော်နိုင်ဦး-ဒေါ်ခင်မာထွန်း၊ ဦးကျော်ရဲထွန်း-ဒေါ်ခိုင်ခိုင်ဝါ၊ ဦးဝင်းဇော်-ဒေါ်စုကလျာထွန်းတို့၏ဖခင်၊ မြေး ခုနစ်ယောက်တို့၏အဘိုးသည် ၇-၅-၂၀၂၂ (စနေနေ့) ည ၉:၄၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းမိသားစုများ**
**ပြည်တွင်းအခွန်များဦးစီးဌာန**

---

## ဒေါ်မြသန်း(ခ) Barbara Ripley
### ဒု-သုတေသနမှူး၊ CRO (ငြိမ်း)၊ ယခင်အင်္ဂလိပ်စာဌာနမှူး၊ စီးပွားရေးတက္ကသိုလ်
### အသက်(၉၄)နှစ်

ရန်ကုန်မြို့၊ ကမ္ဘာအေးဘုရားလမ်း၊ ခြံအမှတ်(၅၁)နေ [Mr.H.F Ripley @ ဦးဘိုနီ (ခရိုင်ရဲဝန်-ငြိမ်း)-ဒေါ်တင်တင်]တို့၏ သမီး၊ [ဦးလှသော် (ယစ်မျိုးဝန်ထောက်-ငြိမ်း)-ဒေါ်မြညွန့်]တို့၏ သမီးချွေးမ၊ [ဦးမောင်မောင်သန်းထွန်း (သံအမတ်ကြီး-ငြိမ်း)]၏ဇနီး၊ (ဦးတင်လှအောင်-ဒေါ်ခင်သန်းနု)၊ (ဦးမြသာ)-ဒေါ်တင်အေးကြည်တို့၏ ညီမ/အစ်မ၊ (ဦးသိန်းရွှေ)-ဒေါ်မြတ်သန္တာ၊ Capt လှမော်ထွန်း-ဒေါ်မိုးမင်းခိုင်၊ ဒေါ်တင်တင်စန်း၊ ဦးအောင်သူရ-ဒေါ်ကြွယ်ဆင့်တို့၏မိခင်၊ မခိုင်ဆုဝေ၊ ကိုဖုန်းမြတ်ခိုင်၊ ဒေါက်တာမင်းထင်အောင်-မမိုးဦးမော်ထွန်း၊ မောင်ဝဿန်မော်ထွန်းတို့၏အဘွား၊ နှစ်သစ်ထင်ထင်၏ ဘွားဘွားကြီးသည် ၁၀-၅-၂၀၂၂ (အင်္ဂါနေ့) နံနက် ၀၀:၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၆-၅-၂၀၂၂ ရက် နံနက် ၈ နာရီမှ ၁၁ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးသိန်းထွန်း
### အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်နေ (ဦးမြတ်ကျော်-ဒေါ်ထွန်း)တို့၏ သား၊ (ဦးဝင်းကြည်)-ဒေါ်ကြည်တို့၏ ညီ၊ (ဦးစိန်ဝင်း-ဒေါ်အေးသိန်း)၊ (ဦးတင်ထွန်း)-ဒေါ်စန္ဒာတို့၏အစ်ကိုကြီး၊ (ဒေါ်လှလှ)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးမျိုးထွန်း-ဒေါ်မြသီတာထွန်း၊ ဦးဇော်နိုင်ဦး-ဒေါ်ခင်မာထွန်း၊ ဦးကျော်ရဲထွန်း-ဒေါ်ခိုင်ခိုင်ဝါ၊ ဦးဝင်းဇော်-ဒေါ်စုကလျာထွန်းတို့၏ဖခင်၊ မြေး ခုနစ်ယောက်တို့၏ အဘိုးသည် ၇-၅-၂၀၂၂ (စနေနေ့) ည ၉:၄၀ နာရီ တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်တိုင်းညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းမိသားစုများ**
**ပြည်တွင်းအခွန်များဦးစီးဌာန**

---

## ဝမ်းနည်းကြေကွဲခြင်း
### ဦးလှဝင်း
### (မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း-ငြိမ်း)
### အသက်(၆၈)နှစ်

မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းကုမ္ပဏီလီမိတက် အာမခံနှင့်လျော်ကြေးဌာနမှ အငယ်တန်းစာရေး ဒေါ်ဇင်ဝင်းမော်၏ဖခင် ဦးလှဝင်း အသက်(၆၈)နှစ်သည် ၇-၅-၂၀၂၂ (စနေနေ့) ည ၇ နာရီတွင် ကွယ်လွန်သွားပါ၍ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မန်နေဂျင်းဒါရိုက်တာနှင့် ဝန်ထမ်းမိသားစုများ**
**မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းကုမ္ပဏီလီမိတက်**

---

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးစိုးအောင်
### လက်ထောက်ညွှန်ကြားရေးမှူး-ငြိမ်း (စ.စ.စ)
### အသက်(၆၉)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်၊ နိဗ္ဗာန်စံပြကျေးရွာနေ (ဦးဟန်တင်-ဒေါ်အေးမြင့်)တို့၏သား၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဂန္ဓမာလမ်း၊ အမှတ်(၈၄)နေ ဒေါ်သန်းသန်းတင်၏ခင်ပွန်း၊ ဦးငြိမ်းချမ်းဇော်-ဒေါ်အေးမြတ်စိုး၊ ကိုစိုးလင်းထက်၊ မောင်ပြည့်ဖြိုးဟိန်းတို့၏ဖခင်၊ မမြတ်သီတာအေးချမ်း၏အဘိုးသည် ၇-၅-၂၀၂၂ ရက် ည ၈:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၅-၂၀၂၂ ရက် နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်ဆွေအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၃-၅-၂၀၂၂(သောကြာနေ့) နံနက် ၆ နာရီတွင် အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်နန်းမို့မို့
### အသက်(၇၁)နှစ်

ဗဟိုသမဝါယမအသင်း ဥက္ကဋ္ဌကြီး ဦးအောင်ဖြူ၏ဇနီး ဒေါ်နန်းမို့မို့သည် ၉-၅-၂၀၂၂ (တနင်္လာနေ့) ည ၉:၄၅ နာရီတွင် (၉၆)ပါးသောရောဂါဝေဒနာဖြင့် ဘဝတစ်ပါးသို့ ပြောင်းလဲကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။ ဒေါ်နန်းမို့မို့ မြင့်မြတ်သောဘုံဘဝသို့ ရောက်ရှိပါစေ။

**ရခိုင်ပြည်နယ် သမဝါယမအသင်းစုချုပ်(လီမိတက်)**
**ဒါရိုက်တာနှင့်ဝန်ထမ်းများ**

---

MOEE
YESC
အသုံးမပြုသည့် လျှပ်စစ်ပစ္စည်းများ၏ ပလပ်ခေါင်းများကို ဆော့ကက်များမှ ဖြုတ်ထားသင့်ပါသည်။



အပြင်ထွက်တိုင်း
ပါးစပ်နှင့် နှာခေါင်းစည်း(MASK) ကို
စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ

**၂၀၂၂ ခုနှစ်ဟာ ငြိမ်းချမ်းရေးနှစ်ဖြစ်ကြောင်းနဲ့ တစ်နိုင်ငံလုံးမှာ လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းရေးကို ဆောင်ရွက်သွားမယ်လို့ ကျွန်တော် ပြောခဲ့ပါတယ်။**

**ဒါကို လက်တွေ့ကျကျ ထိထိရောက်ရောက်အကောင်အထည်ဖော်နိုင်ဖို့ လိုအပ်တဲ့အတွက်ကြောင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များရဲ့ ခေါင်းဆောင်များကို တွေ့ဆုံဆွေးနွေးဖို့အတွက် ဖိတ်ခေါ်ပါတယ်။ အဖွဲ့များအားလုံးကို ကျွန်တော် ကိုယ်တိုင်တွေ့ပါမယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်၏ ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ပြောကြားခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**
- (က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး
- (ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး
- (ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**
- (က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- (ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- (ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**
- (က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- (ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- (ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## (၃၁)ကြိမ်မြောက် ဆီးဂိမ်းဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် မေ ၁၁

၃၁ ကြိမ်မြောက် ဆီးဂိမ်းဘောလုံး အမျိုးသားနှင့် အမျိုးသမီးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို မေ ၁၁ ရက်က ဆက်လက်ကျင်းပသည်။

အမျိုးသားဘောလုံး ပြိုင်ပွဲအဖြစ် အုပ်စု(ခ)ပွဲစဉ်များ ကျင်းပခဲ့ပြီး စင်ကာပူအသင်းက ကမ္ဘောဒီးယားအသင်းကို တစ်ဂိုး-ဂိုးမရှိ၊ မလေးရှားအသင်းက လာအိုအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ နှစ်ပွဲဆက် နိုင်ပွဲပျောက်ဆုံးထားသည့် စင်ကာပူအသင်းသည် ၂၀၁၉ ဆီးဂိမ်းပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်ရောက်ရှိခဲ့သည့် ကမ္ဘောဒီးယားအသင်းကို မထင်မှတ်ဘဲ အနိုင်ရရှိခဲ့သည်။ ကမ္ဘောဒီးယားအသင်းသည် ပထမပွဲတွင် လာအိုကို ဂိုးပြတ်အနိုင်ရခဲ့သော်လည်း ယခုပွဲတွင် ရှုံးပွဲကြုံတွေ့ခဲ့ခြင်းဖြစ်သည်။

စာမျက်နှာ ၁၉ ကော်လံ ၁ သို့ ✳


ဆီးဂိမ်းအမျိုးသားဘောလုံးပြိုင်ပွဲတွင် မလေးရှားနှင့် လာအိုအသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။

### (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှု

| နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|
| ဗီယက်နမ် | ၁၀ | ၇ | ၁၆ | ၃၃ |
| မလေးရှား | ၉ | ၃ | ၁၁ | ၂၃ |
| အင်ဒိုနီးရှား | ၃ | ၄ | ၁ | ၈ |
| ဖိလစ်ပိုင် | ၁ | ၅ | ၇ | ၁၃ |
| စင်ကာပူ | ၁ | ၄ | ၃ | ၈ |
| ထိုင်း | ၁ | ၂ | ၁၅ | ၁၈ |
| မြန်မာ | ၁ | ၀ | ၁ | ၂ |
| ဘရူနိုင်း | ၀ | ၁ | ၁ | ၂ |
| လာအို | ၀ | ၀ | ၃ | ၃ |
| ကမ္ဘောဒီးယား | ၀ | ၀ | ၂ | ၂ |


**ယနေ့** ဖတ်စရာ

**အိန္ဒိယနိုင်ငံ၌ အပူချိန်မြင့်တက်မှုကြောင့် ပြည်သူအများအပြား ရေနှင့် လျှပ်စစ်မီး ပြတ်လပ်မှုများ ရင်ဆိုင်နေရ**



စာမျက်နှာ » ၁၃

**မြို့နယ်အချို့၌ PDF အမည်ခံ အကြမ်းဖက်သမားများက သာသနာ့အနွယ်ဝင် သံဃာတော်များနှင့် အပြစ်မဲ့ပြည်သူများအား ရက်စက်စွာ ဖမ်းဆီးခေါ်ဆောင်သတ်ဖြတ်**

စာမျက်နှာ » ၁၄

**ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာမြားပစ်အဖွဲ့ ပြိုင်ပွဲအမျိုးအစား ကိုးမျိုး ယှဉ်ပြိုင်မည်**

စာမျက်နှာ » ၁၉


## အက်စ်တွန်ဗီလာအသင်းကို အနိုင်ရပြီးနောက် လီဗာပူးအသင်း ပရီမီယာလိဂ်ဖလားရရှိရေးမျှော်လင့်ချက် ပြန်လည်ရှင်သန်လာ

အက်စ်တွန်ဗီလာအသင်းနဲ့ လီဗာပူးအသင်းတို့ မေ ၁၀ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်မှာ လီဗာပူးအသင်းက အက်စ်တွန်ဗီလာအသင်းကို အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ်ဖလားရရှိရေး မျှော်လင့်ချက်ပြန်လည်ရှင်သန်လာခဲ့ပြီလည်းဖြစ်ပါတယ်။

အက်စ်တွန် ဗီလာအသင်းနဲ့ လီဗာပူးအသင်းတို့ ပွဲစဉ်မှာ အိမ်ရှင် အက်စ်တွန်ဗီလာအသင်းက ပထမပိုင်း ပွဲကစားချိန်သုံးမိနစ်မှာ ဒေါက်ဂလက်လူးဝစ်ရဲ့ သွင်းဂိုးနဲ့ ဦးဆောင်ဂိုးစတင်ရရှိခဲ့ပြီး လီဗာပူးအသင်းကတော့ ပွဲကစားချိန် ခြောက်မိနစ်မှာ သွင်းယူခဲ့တဲ့ ဂျိုးမာတစ်ရဲ့သွင်းဂိုး၊ ၆၅ မိနစ်မှာ သွင်းယူခဲ့တဲ့ ဆာဒီယိုမာနေးတို့ရဲ့ သွင်းဂိုးတွေ ရရှိခဲ့တာကြောင့် လီဗာပူးအသင်းက အက်စ်တွန်ဗီလာအသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။

စာမျက်နှာ ၁၉ ကော်လံ ၁ သို့ ○


လီဗာပူးအသင်းကစားသမားများ အောင်ပွဲခံနေစဉ်။